# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၂)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၁၂-၉-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန်(၁၇း၃၀)နာရီအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော လေပွေလှိုင်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါလေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ပါသည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်(၄၈)နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


ဆေးခြောက်ကို မှီဝဲသုံးစွဲလျှင် ဦးနှောက်နှင့် လည်ချောင်းကင်ဆာ ငါးဆတိုး၍ ဖြစ်ပွားလာနိုင်

စာမျက်နှာ ၇

ဟယ်ရီကိန်း လက်ရွေးစင်ကစားသမားဘဝ နိုင်ငံတကာပွဲ (၁၀၀)ပြည့်မြောက်

စာမျက်နှာ ၁၁

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ၅ လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇ သိန်းကျော် တင်ပို့

စာမျက်နှာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၈ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# အချိန်ကို လေးစားတန်ဖိုးထား

လူသားတိုင်း ပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသောအချိန်နှင့်လိုက်ဖက်ညီစွာ လုံ့လစိုက်ထုတ်ကာ ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင် ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်းတန်းတူရရှိထားသည့် အဖိုးတန်သော အချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။

လူ့ဘဝသည် ရခဲလှပြီး တန်ဖိုးရှိသည်။ လူ့ဘဝသည်သာ အရာရာကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ အရာရာကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အများအကျိုး၊ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဘဝကို မြင့်သထက်မြင့်အောင် ကြိုးပမ်းအားထုတ်နိုင်မည်ဖြစ်သည်။ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝဖြစ်မည်။ တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့် စိတ်ဆန္ဒရှိဖို့သာ လိုရင်းဖြစ်သည်။ မြန်မာပညာရှိများ၊ စာဆိုအကျော်များက မြန်မာများ နိုးကြားဖို့၊ လုံ့လဝီရိယထကြွမှုရှိဖို့ စာပေများဖြင့် နှိုးဆော်တိုက်တွန်းအသိပေးခဲ့ကြသည်။ နှိုးဆော်စာများအနက် ဆရာကြီး ပီမိုးနင်းရေးသော ကိုယ့်ထူးကိုယ်ချွန်စာအုပ်မှ အချိန်၏ တန်ဖိုးရှိပုံ အရေးအသားသည် လူငယ်လူရွယ်များသာမက လူကြီးများပါ ခွန်အားဖြစ်စေခဲ့သည်။

အချိန်တိုင်းတွင် မိမိတို့ဆောင်ရွက်သင့်သည်များကို လုံ့လစိုက်၍ ဆောင်ရွက်သင့်သည်။ လုံ့လ၊ ဝီရိယမပါလျှင် မည်သည့်ကိစ္စမျှ မအောင်မြင်နိုင်ပေ။ လုံ့လဟူသည် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်း၊ တစ်နည်းအားဖြင့် ကြိုတင်ပြင်ဆင်ခြင်းသဘောပင်ဖြစ်သည်။ လုံ့လစိုက်ထုတ်ရာတွင်လည်း ညီညွတ်မျှတသော လုံ့လသာလျှင်ဖြစ်သင့်သည်။

လူ့ဘဝသည် တစ်ခဏသာဖြစ်သည်။ လူ့ဘဝတွင် ရရှိလာသော အချိန်သည် အကန့်အသတ်ရှိသည်။ ထို့ကြောင့် “အချိန်ရှိခိုက် လုံ့လစိုက်”ဟု ဆိုရိုးပြုခဲ့ကြသည်။ သဘာဝတရားက လူသားတို့အား နေ့စဉ်နေ့တိုင်း စိန်မြရံခြယ်ထားသည့် အချိန်တည်းဟူသော ရတနာကို လက်ဆောင်ပေးနေသည်။ ထိုအချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန် လိုအပ်မည်လည်းဖြစ်သည်။ အချိန်ကို လေးစားတန်ဖိုးထားရမည်ဖြစ်သည်။

မိမိတို့ အသက်သည် တန်ဖိုးရှိသကဲ့သို့ အချိန်သည်လည်း တန်ဖိုးရှိမည်ဖြစ်သည်။ အချိန်တန်ဖိုးကြီးမားသည်ဆိုခြင်းမှာ အကြောင်းမဲ့ဆိုခြင်း မဟုတ်ပါ။ ခိုင်မာသော အကြောင်းအကျိုးဆက်နွှယ်မှုများရှိသည်။ ကန့်သတ်ထားသော အချိန်အတွင်း၌သာ အခွင့်အလမ်းများကို ရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် အပြေးသမားများ၏စံချိန်ကို အချိန်နှင့် သတ်မှတ်သည်။ ညှော်ခန်းမဆောင်၊ဟိုတယ်များသည်လည်း အချိန်နှင့်သတ်မှတ်လေ့ရှိသည်။ ဤသည်တို့မှာ အချိန်၏တန်ဖိုးကို ပြတ်သားထင်မြင်အောင် ဖော်ပြနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း အောင်မြင်မှုရယူလိုလျှင် အချိန်ကို လေးစားတန်ဖိုးထားပြီး မှန်မှန်ကန်ကန် ကြိုးစားအားထုတ်ရန်အတွက် ဇွဲ၊ လုံ့လကို အရင်းတည်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတွင် ရက်ဆက်မိုးရွာသွန်းမှုကြောင့် အနိမ့်ပိုင်းလမ်းအချို့ ရေဝပ်ရေလျှံခဲ့



**မန္တလေး စက်တင်ဘာ ၁၁**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မန္တလေးတွင် စက်တင်ဘာ ၇ ရက်မှစတင်၍ ရက်ဆက်မိုးရွာသွန်းမှုဖြစ်စဉ်ကြောင့် မန္တလေးမြို့တွင်း အနိမ့်ပိုင်း လမ်းအချို့တွင် ရေဝပ်၊ရေလျှံမှုများ ရှိခဲ့သည်။

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စက်တင်ဘာ ၁၂ ရက်အတွင်း ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

“မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရေနုတ်မြောင်းတွေ ဆယ်တာ၊ ရေစီးရေလာကောင်းမွန်အောင် ချောင်း၊မြောင်းတွေထဲက အမှိုက်ဆယ်တာတွေ နေ့စဉ်ဆောင်ရွက်နေတာကြောင့် လမ်းတွေမှာ ရေဝပ်၊ ရေလျှံတာက ဟိုအရင်နှစ်တွေထက် နည်းသွားတယ်”ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအနေဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး ရေနှင့်သန့်ရှင်းမှုဌာနကလည်း စီးဆင်းလာသော မိုးရေများကို ဧရာဝတီမြစ်အတွင်းသို့ စွန့်ထုတ်ရေးအတွက် ကြိုတင်စီစဉ်ထားရှိသောကြောင့် အလျင်အမြန်စီးဆင်းသွားသဖြင့် ရေဝပ်၊ရေလျှံမှု အချိန်နည်းပါးသွားသည်ဟု ဆိုသည်။

“မန္တလေးမြို့ရဲ့ စက်တင်ဘာလ ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်က ၆ ဒသမ ၉၆ လက်မပါ။ စက်တင်ဘာ ပထမ ၁၀ ရက်အတွင်း မိုးရေချိန် ၂ ဒသမ ၈၇ လက်မ ရွာထားပြီး ဇန်နဝါရီ ၁ ရက်ကနေ စက်တင်ဘာ ၉ ရက်အထိ မိုးရေချိန် ၁၅ လက်မ ရွာခဲ့တယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ - မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု အားကောင်းနေကာ စက်တင်ဘာ ၉ရက်က မန္တလေးမြို့တွင် မိုးရေချိန် ၁ ဒသမ ၈၅ လက်မ ရွာသွန်းခဲ့ပြီး စက်တင်ဘာ ပထမ ၁၀ ရက်ပတ်အတွင်း ၂ ဒသမ ၈၇ လက်မ ရွာသွန်းခဲ့ပြီး စက်တင်ဘာ ၇ ရက်မှ ၁၀ရက်အထိ နံနက်မှ ညပိုင်းအထိ အချိန်ခြား၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

# ကြက်မင်းတွန်ရပ်ကွက်အတွင်း ဇော်ဂျီမြစ်ရေဝင်ရောက်မှုမရှိစေရေး ဇော်ဂျီမြစ်ကမ်းပါးအား သဲအိတ်ပို့ခြင်းများဆောင်ရွက်



**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စက်တင်ဘာ ၁၀ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေများ လျှံတက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့မှ ကြက်မင်းတွန်ရပ်ကွက်အတွင်း ဇော်ဂျီမြစ်ရေဝင်ရောက်မှုမရှိစေရေး သဲအိတ်ဖို့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီးရဲဝင်းထွန်း၊ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်၊ ကျောက်ဆည်ပြည်သူ့စစ်မှ ဗိုလ်ကြီးအောင်ဇေလတ်၊ စုစုပေါင်း ၇၂ ဦးတို့က ကြက်မင်းတွန်ရပ်ကွက်အုပ်စုအတွင်း ဇော်ဂျီမြစ်ရေဝင်ရောက်မှုမရှိစေရေး သဲအိတ်များဖို့၍ ရေတားခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနားထောက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပေးသည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက “အနာဂတ်ကို ပိုင်စိုးမည့်သူများ”ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါဟောပြောချက်များနှင့်ပတ်သတ်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ကျောင်းသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် စာရေးဆရာမ ဒေါ်တင်တင်ခိုင်၊ ခိုင်ပန်းဝေ(လက်ပံလှ)က ကျောင်းသား၊ ကျောင်းသူများနှင့် မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် လူငယ်ရေးရာ ဟောပြောပွဲ အမေး၊ အဖြေအစီအစဉ်တွင် ပါဝင်ဖြေကြားပေးပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်များချီးမြှင့်ပေးခဲ့ပြီးနောက် စာရေးဆရာမ ဒေါ်တင်တင်ခိုင်ခိုင်ပန်းဝေ (လက်ပံလှ)၊ May Bussiness Co.,Ltd. မှ ဒေါ်မေမွန်သူ၊ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌ၊ ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း၏ ခရိုင်အလုပ်အမှုဆောင် ဦးဇော်မြင့်၊ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒေါ်စိုးမိုးမိုးသန်း (ပတ္တမြားမိုး ကုမ္ပဏီလီမိတက်)တို့က အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျွဲနားထောက် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၃၅၀ဦး တက်ရောက်ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီအစည်းအဝေး ကျင်းပ စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဆန်စျေးနှုန်းနှင့် စပ်လျဉ်း၍ သင့်တင့်မျှတသော စျေးနှုန်းဖြင့် ပြည်သူများ လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရန် ဆန်စျေးကွက်စျေးနှုန်းကို လစဉ် ထုတ်ပြန်ပေးလျက် ရှိကြောင်း၊ ဆန်စက်များ ပုံမှန်လည်ပတ်ရေး၊ ဆန်ဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ကြပ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း။

စားသုံးဆီနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားအုန်းဆီခွဲတမ်း တိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားအုန်းဆီများ စားသုံးသူလက်ဝယ်သို့ စျေးနှုန်း၊ အလေးချိန်မှန်ကန်စွာရောင်းချစေရန် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

### ပူးပေါင်းဆောင်ရွက်

ဆေးနှင့် ဆေးပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးဝါး ပြတ်လပ်မှုနှင့် စျေးနှုန်းမြင့်တက်မှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

စက်သုံးဆီနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စက်သုံးဆီဝယ်ယူရန် လိုအပ်သောနိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊

ဒေသအချို့တွင် စပါးခင်းများ ရေကြီး နစ်မြုပ်မှုများကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်း လျော်ကြေးငွေအနေဖြင့် ၁၂ ဒသမ ၂၆၅ ဘီလီယံခန့် ပေးလျော်သွားမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်း အခြေပြု သီးနှံအာမခံထားရှိရေး၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက အာမခံလျော်ကြေး ပေးအပ်မှုအခြေအနေများကိုလည်း ပြည်သူများ သိရှိရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်း မကျဆင်းစေရန် ပြန်လည်စိုက်ပျိုးနိုင်မည့် မျိုးစပါး၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးမှ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

### ဆွေးနွေးတင်ပြ

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီစသည့် အရေးကြီးကုန်စည်များ ပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲ၊ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပေးရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အခြေခံ စားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီ အဖွဲ့ဝင်များက ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အဓိက ကုန်စည် စျေးနှုန်းများအပေါ် သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် စားနပ်ရိက္ခာဖူလုံမှု အခြေအနေနှင့် အခြေခံစားသောက်ကုန် စျေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေ ကွင်းဆင်း စီမံဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဆင်းနှင့် ပေါင်းလောင်းရေလှောင်တမံများ၊ ပင်လောင်းလမ်းဆုံနေရာ၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းများသို့ သွားရောက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်နေမှုကို ထိန်းသိမ်းစီမံဆောင်ရွက်နေမှု၊ တမံများ၏ကြံ့ခိုင်မှုအခြေအနေ စောင့်ကြည့်စီမံနေမှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ချောင်းရေမြင့်တက်လာမှုကြောင့် ချောင်းဧရိယာအတွင်းနှင့် အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုများရှိနိုင်ပါက ကြိုတင်အသိပေး ကြေညာမှုများ ဆောင်ရွက်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပေါင်းလောင်းရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။

### ကန်ရေပြည့်အမှတ်သို့ရောက်ရှိ

ယနေ့နံနက် ၆ နာရီ ရေမှတ်တိုင်းတာမှုများအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေလှောင်တမံများအနက် ပေါင်းလောင်းရေလှောင်တမံတစ်ခုသာ ရေပိုလွှဲမှ ၆ ဒသမ ၀၆ ပေ ရေကျော် စီးဆင်းနေပြီး အဓိကရေလှောင်တမံများဖြစ်သော ဆင်သေရေလှောင်တမံတွင် ၁၉ ပေခန့်၊ ချောင်းမငယ်ရေလှောင်တမံတွင် ငါးပေခန့်၊ မဒန်းရေလှောင်တမံတွင် ၁၁ ပေခန့်၊ ရေဆင်းရေလှောင်တမံတွင် ရှစ်ပေခန့်ရှိကာ ကန်ရေပြည့်အမှတ်သို့ရောက်ရှိရန် လိုအပ်နေပြီး ငလိုက်တမံတွင် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယခုရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများ စီးဝင်လာနိုင်ခြင်းတို့ကြောင့် ရေလှောင်ပမာဏ သေးငယ်သော တမံငယ်များတွင် ရုတ်တရက် ရေအလုံးအရင်းဖြင့် ဝင်ရောက်မှုများဖြစ်လာနိုင်သဖြင့် တာဝန်ရှိသူများက အနီးကပ်စဉ်ဆက်မပြတ် စောင့်ကြည့်စီမံမှုများဆောင်ရွက်ရန်နှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုကို အချိန်နာရီစဉ်အလိုက် ရုံးချုပ်သို့တင်ပြရန် မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တည်ရှိနေသော ရမည်းသင်းခရိုင်ရှိ ကျီးနီကန်နှင့် ကတင်ကန်တို့၏ ရေဝင်ရောက်မှုများ၊ မိတ္ထီလာခရိုင်အတွင်းရှိဆည်ကန်များ၏ ရေဝင်ရောက်မှုများ၊ ဆည်ကန်များတွင် ထိန်းသိမ်း စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး ဆည်တမံများအလိုက်၊ တူးမြောင်းများအလိုက် တာဝန်ရှိသူအဆင့်ဆင့်ကို စောင့်ကြည့်တာဝန်ပေးအပ်ထားသည်။

လတ်တလောဖြစ်ပေါ်နေသည့် လေပွေလှိုင်းများဖြတ်သန်းရာဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်များ၊ ချောင်းများတွင် ရေစီးဆင်းမှုများပြားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်စောင့်ကြည့်စီမံမှုများ ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှု အခြေအနေများ ဖြစ်ပေါ်နိုင်သည့် ဒေသများရှိ ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးကြေညာခြင်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာများ ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြရန် နှိုးဆော်

နေပြည်တော် စက်တင်ဘာ ၁၁

ရာဂိမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ဒေသနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မိုးရွာသွန်းမှု များပြားလျက်ရှိပြီး ပျဉ်းမနားမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေမြင့်တက်လျက်ရှိသည်။ သို့ပါ၍ ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ အနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများအနေဖြင့် ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြပါရန် နှိုးဆော်တိုက်တွန်းထားသည်။ **သတင်းစဉ်**

* စာမျက်နှာ ၂၄ မှ

ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ ရန်ကုန် - မန္တလေး လမ်းဟောင်း အချို့နေရာများတွင် ရေကျော်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အလားတူ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လူနေရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်း တစ်လျှောက် ရေကျော်မှုများ ဖြစ်ပေါ်မှုကြောင့် မော်တော်ယာဉ်များ သွားလာ၍ မရကြောင်း သိရသည်။ အဆိုပါ ရေကြီး ရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူနှင့် တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများ အလိုက် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများပေါ်တွင် ရေကျော်လျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်သွားကားလမ်း ရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါကားလမ်း ရေကျော်နေမှုကြောင့် ယာဉ်များ ပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ရေလမ်းကြောင်းပြသရန်အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စက်တင်ဘာ ၇ ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် ကဒတ်ချောင်းရေ မြင့်တက်လာကာ ကျိုက်ထိုမြို့၊ ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေအိမ်များ အတွင်းသို့ ရေ ဝင်ရောက်ခဲ့ရာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာ ချထားပေးကြောင်း သိရသည်။



ကျိုက်ထိုမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့အပြင် ပေါ်ဘွယ်မြို့နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပေါ်ဘွယ်မြို့၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၊ ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်း မိုင်တိုင်အမှတ်(၂၈၅/၅ နှင့် ၂၈၅/၉)အကြား၊ အမှတ်(၁) သံလမ်းပေါ်ရှိ သံပေါင်တံတား ဒေါက်တိုင်မှာ ရေတိုက်စားမှုကြောင့် ပြုတ်ထွက်သွားသဖြင့် မီးရထားလိုင်းများ ပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ မီးရထားများ ပုံမှန်ပြေးဆွဲနိုင်ရန်အတွက် သံပေါင်တံတားအား သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာစာသင်ကျောင်းအချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ် ရွှေ့ပြောင်းရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအား ရေဘေးအန္တရာယ် သတိပြုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်းတို့တွင် ရေကြီးရေကျော်နေသဖြင့် ရထားခရီးစဉ်များ ယာယီရပ်နား

**နေပြည်တော် စက်တင်ဘာ ၁၁**

ယခုနှစ်မိုးရာသီအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ တပ်ကုန်း-မကျည်းပင်၊ မကျည်းပင်-ညောင်လွန့်၊ ရမည်းသင်း-အင်းကြင်းကန်၊ ပျော်ဘွယ်-ရှမ်းရွာ၊ သပြေတောင်း-သဲတောဘူတာအကြားနှင့် သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းရှိ သာစည်-လှိုင်းတက်၊ လှိုင်းတက်-ဘုရားငါးဆူ၊ ဘုရားငါးဆူ-ယင်းမာပင်၊ မြင်းဒိုက်-ကလော၊ ကလော-အောင်ပန်း၊ ထီသိမ်-ပေါမှုဘူတာအကြား လမ်းပိုင်းများနှင့် အောင်ပန်းဘူတာ ယာဒ်ဝင်းတို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်၍ တံတားများ ရေတိုက်စားပြီး ရထားလမ်း ရေကျော်မှုများကြောင့် ရန်ကုန်-မန္တလေးနှင့် သာစည်-ရွှေညောင် ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ရက်မှ စတင်၍ ယာယီရပ်နားကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ယာယီရပ်နားခဲ့သည့် ရထားများမှာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန်၊ အမှတ်(၁၁)အဆန်နှင့် အမှတ်(၁၂)အစုန် ရထားများ၊ သာစည်-ရွှေညောင် လမ်းပိုင်းတွင် အမှတ်(၁၄၁) အဆန်နှင့် အမှတ်(၁၄၂)အစုန် ရထားများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အတွင်း သာစည်မြို့နယ် ရှမ်းရွာဘူတာယာဒ်ဝင်းနှင့် ရှမ်းရွာ-ပျော်ဘွယ်လမ်းပိုင်းအတွင်း ခုနစ်နေရာတို့တွင် သံလမ်းပေါ်ရေကျော်ခြင်းနှင့် ရထားလမ်းတာပေါင် ထူးပေါက်ခြင်း၊ ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား၊ ရှစ်နေရာတို့၌ ရထားလမ်း ရေတိုက်စားခြင်း၊ တံတားအမှတ်(၅၁၅) အဆန်လမ်း စွန်းခံနေရာ ရေတိုက်စားခြင်း၊ တံတားအမှတ်(၅၂၉) ဒေါက်တိုင်ပြတ်ထွက်ခြင်းနှင့် မန္တလေးဘက်ခြမ်းတံတားရေတိုက်စားခြင်း၊ တပ်ကုန်း-မကျည်းပင်ဘူတာအကြား၊ မကျည်းပင်-ညောင်လွန့်ဘူတာအကြားနှင့် ညောင်လွန့်ဘူတာ ယာဒ်ဝင်းအတွင်း ရထားလမ်းပေါ် ရေကျော်နေခြင်း၊ ရမည်းသင်း-အင်းကြင်းကန်ဘူတာအကြား ရထားလမ်းတာပေါင် ထူးပေါက်ခြင်းတို့အပြင် ဝမ်းတွင်းမြို့နယ် သပြေတောင်း-သဲတောဘူတာအကြား တံတားအမှတ်(၆၉၁) အစုန်/အဆန် တံတားများ၏ အောက်ခြေရေထိရန် ကိုးပေနှစ်လက်မခန့်သာလိုတော့သဖြင့် ရထားဖြတ်သန်းရန် အန္တရာယ်ရှိနိုင်ခြင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်း အတွင်း သာစည်-လှိုင်းတက်ဘူတာအကြား တံတားအမှတ်(၃၀)၊ လှိုင်းတက်-ဘုရားငါးဆူဘူတာအကြား တံတားအမှတ်(၃၄)နှင့် (၃၅)တို့၏ တံတားတာပေါင်များ ရေတိုက်စားနေခြင်း၊ ဘုရားငါးဆူ-ယင်းမာပင်ဘူတာအကြား တံတားအမှတ်(၄၈)၏ ရွှေညောင်ဘက်ကမ်းကပ်ခုံ ရေတိုက်စားခြင်းနှင့် ရထားလမ်းတာပေါင်အား ရေတိုက်စားနေခြင်း၊ ကလော-မြင်းဒိုက်ဘူတာအကြား ခြောက်နေရာတွင် ရထားသံလမ်းပေါ် ရေကျော်နေခြင်း၊ အောင်ပန်းဘူတာယာဒ်ဝင်းအတွင်း သံလမ်းမျက်နှာပြင်အထက် ၁၀ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ယနေ့ နံနက်ပိုင်းမှ စတင်၍ ရထားလမ်းပိုင်းများအား ယာယီပိတ်သိမ်းခဲ့ရသည်။ ထို့အတူ တောင်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၉ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေညောင်-တောင်ကြီးလမ်းပိုင်း၊ ထီသိမ်-ပေါမှုဘူတာအကြား တောင်ကြီးမြို့သို့ ရေပေးဝေသည့် ထီသိမ်ကန်မှ ရေများလျှံပြီး ရထားလမ်းတူးမြောင်း တာပေါင်ရေတိုက်စားမှုကြောင့် တာပေါင်ပြိုကျပြီး ရထားလမ်း ပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။



သာစည်-ရွှေညောင်လမ်းပိုင်း လှိုင်းတက်နှင့်ဘုရားငါးဆူကြား တံတားရေတိုက်စားမှုကို တွေ့ရစဉ်။

ရထားလမ်းပိုင်း ပိတ်သိမ်းမှုကြောင့် ယနေ့ နံနက် ၆နာရီတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသည့် အမှတ်(၁၁)အဆန်ရထားသည် နေပြည်တော်ဘူတာသို့ ယနေ့ ညနေ ၅နာရီ ၂၂မိနစ်တွင် ရောက်ရှိပြီး ရထားဖြင့်လိုက်ပါလာသည့် ခရီးသည် ၁၁၈ဦးအား နေပြည်တော်ဘူတာမှတစ်ဆင့် မန္တလေးသို့ မော်တော်ယာဉ်သုံးစီးဖြင့် ညနေ ၆နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုနှင့် တံတားများ ရေထိုးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေကျသွားသည့်အချိန်တွင် ရထားလမ်း မြေသားတာပေါင်နှင့် ရထားလမ်းပိုင်းနှင့် တံတားတံတားများအား အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ကွံခိုင်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**



ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားစီးခရီးသည်များအား နေပြည်တော်ဘူတာမှ မန္တလေးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရမည်းသင်းနှင့် အင်ကျင်းကန်ဘူတာအကြား ရထားလမ်းနှင့် တံတားများရေတိုက်စားမှုကိုတွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား ရေတိုက်စားမှုကြောင့် တံတားအမှတ်(၅၂၉) LST ဒေါက်တိုင်ပြတ်ထွက်မှုကိုတွေ့ရစဉ်။

# ဂရုပြုဖွယ်ရာ ဝတ်စားဆင်ယင်မှု

လူတို့သည် မိမိတို့ဓလေ့ထုံးစံအတိုင်း အဝတ်အစားများကို ဝတ်စားဆင်ယင်လာခဲ့ကြသော်လည်း မည်သို့သော အကြောင်းများကြောင့် ထိုသို့ဝတ်ဆင်ကြသည်ကိုမူ လူတိုင်းသတိပြုမိမှ ပြုမိကြပေလိမ့်မည်။ အဝတ်အစားဝတ်ဆင်ကြရာ၌ အကြောင်းပေါင်းများစွာ ရှိနိုင်သော်လည်း အဓိကအကြောင်းများမှာ မိမိကိုယ်ကို တန်ဆာဆင်လိုမှုနှင့် အပူအအေးလုံခြုံစေလိုမှုသာ ဖြစ်တန်ရာသည်။ လူတို့သည် မိမိတို့ကိုယ်ကို မည်မျှတန်ဆာဆင်လိုကြသနည်း ဟုဆိုလျှင် အဝတ်အစားများ မဆင်မြန်းတတ်ကြမီအချိန်ကပင် ဘီး၊ ဆံညှပ်နှင့်တကွ အခြားအသေးအဖွဲ့တန်ဆာများကို သမိုင်းမတင်မီ ခေတ် ဂူနေလူများ ဆင်မြန်းအသုံးပြုခဲ့ကြကြောင်း အထောက်အထားများ တွေ့ရှိရလေသည်။


"တောင်းမှာအကွပ် လူမှာအဝတ်"ဆိုသည်မှာ မြန်မာဆိုရိုးစကားဖြစ်သည်။ အနားကွပ်ရှိသော တောင်းသည်သေသပ်ခိုင်ခံ့သကဲ့သို့ နေရာဌာနအလိုက် သင့်တင့်လျောက်ပတ်သော အဝတ်ကိုဝတ်သောသူသည် တင့်တယ်ခံ့ညားသည်ဟူသော အနက်ကို ဆောင်ပါသည်။

လူတို့သည် မိမိတို့ဓလေ့ထုံးစံအတိုင်း အဝတ်အစားများကို ဝတ်စားဆင်ယင်လာခဲ့ကြသော်လည်း မည်သို့သော အကြောင်းများကြောင့် ထိုသို့ဝတ်ဆင်ကြသည်ကိုမူ လူတိုင်းသတိပြုမိမှ ပြုမိကြပေလိမ့်မည်။ အဝတ်အစားဝတ်ဆင်ကြရာ၌ အကြောင်းပေါင်းများစွာ ရှိနိုင်သော်လည်း အဓိကအကြောင်းများမှာ မိမိကိုယ်ကို တန်ဆာဆင်လိုမှုနှင့် အပူအအေးလုံခြုံစေလိုမှုသာဖြစ်တန်ရာသည်။ လူတို့သည် မိမိတို့ကိုယ်ကို မည်မျှတန်ဆာဆင်လိုကြသနည်းဟုဆိုလျှင် အဝတ်အစားများမဆင်မြန်းတတ်ကြမီ အချိန်ကပင် ဘီး၊ ဆံညှပ်နှင့်တကွ အခြားအသေးအဖွဲ့တန်ဆာများကို သမိုင်းမတင်မီခေတ် ဂူနေလူများ ဆင်မြန်းအသုံးပြုခဲ့ကြကြောင်း အထောက်အထားများ တွေ့ရှိရလေသည်။

စုန်းကဝေပြုစားခြင်းကို အချို့သောအဝတ်အစားမျိုးနှင့် ကာကွယ်နိုင်သည်ဟူသော ယုံကြည်ချက်ဖြင့် ဝတ်ဆင်ခဲ့ကြသည်လည်းရှိပေသည်။ အရှက်အကြောက်ကို ဖုံးကွယ်လိုမှုမှာလည်း အကြောင်းတစ်ရပ်ဖြစ်၏။ သို့ရာတွင် ဇလာကျင်း၍ နေထိုင်တတ်သောလူမျိုး၊ မလုံ့တလုံဝတ်ဆင်တတ်သောလူမျိုးများလည်းရှိနေခြင်းကို ထောက်ရှုလျှင် ဤအချက်မှာ ကမ္ဘာပေါ်ရှိလူမျိုးများအားလုံးအတွက် မှန်သည်ဟု မဆိုသာချေ။

မိမိတို့၏ထုံးတမ်းဓလေ့ကိုလိုက်၍ လူမျိုးအသီးသီး၌ သီးခြားအဝတ်အစားများလည်းရှိကြပေသည်။ တစ်ဖန်လူတစ်မျိုးမှာပင် အချိန်၊ ရာသီ၊ အခမ်းအနားအလိုက် အဝတ်အစားများကို ခွဲခြားထားတတ်ကြပြန်သည်။

သို့ရာတွင် အဝတ်အစားအတွက်လူကိုအသုံးပြုသော အထည်



ပစ္စည်းနှင့်ပုံစံတို့မှာ သားစဉ်မြေးဆက်တစ်သမတ်တည်းမှုသေမတည်မြဲဘဲ ယဉ်ကျေးမှုနှင့်တကွ စက်မှုလက်မှုတိုးတက်ပြောင်းလဲမှုအခြေအနေကို အမှီပြု၍ တစ်ခေတ်မှတစ်ခေတ်သို့ ပြောင်းလဲလာတတ်ပေသည်။ ပုံစံအားဖြင့် ပြရလျှင် ရှေးခေတ်လူတို့သည် သားမွေး၊ သားရေ၊ သစ်ခေါက်၊ မြက်ပင်စသည်တို့မှ အဝတ်အစားဖြစ်အောင် ပြုပြင်ချုပ်လုပ်ပြီး ဝတ်ဆင်ခဲ့ကြရ၏။ ထို့နောက်မှ သိုးမွေး၊ ချည်၊ ပိုးဖဲကတ္တီပါစသော ခေတ်ပေါ်အထည်များကို အသုံးပြုလာနိုင်ခဲ့ကြလေသည်။

အဝတ်အစားများချုပ်ရာတွင် လက်ချုပ်နှင့် စက်ချုပ်နည်းနှစ်မျိုးတို့ဖြင့် မိမိတို့ဖာသာအိမ်တွင် ချုပ်ယူသူများရှိသကဲ့သို့ ဆိုင်တွင်အပ်ပြီး ချုပ်စေသူများလည်းရှိသည်။ ထို့ပြင် စက်ကိရိယာများ တစ်နေ့ထက်တစ်နေ့ တိုးတက်ဆန်းပြားလာခဲ့သည့်အလျောက် အသင့်ချုပ်ပြီးသား အဝတ်အစားများ ရောင်းချသည့် ဆိုင်များမှာ တစ်နေ့တခြားပေါ်များလာလေသည်။ သို့ရာတွင် အဝတ်အစားနှင့် စပ်လျဉ်းသည့် ပုံစံ(ဖက်ရှင်)များသည် အမျိုးမျိုးပြောင်းလဲလျက်ရှိရကား တစ်ခါတစ်ရံ ထိုသို့ဖက်ရှင်ပြောင်းလဲမှုကြောင့် အဝတ်အစားများကို အသင့်ချုပ်ပြီး ရောင်းချလေ့ရှိသူများပင် အကြီးအကျယ် ထိခိုက်နစ်နာတတ်သည်ကို တွေ့ရတတ်လေသည်။

အဝတ်အစားများသည် အသစ်ပေါ်တိုင်းဝယ်နေရခြင်းထက် ရှိပြီးသားအဝတ်အစားများနှင့် သွားလာလှုပ်ရှားရသည့်နေရာကိုက်ညီအောင် ဝတ်စားတတ်ဖို့သာလိုပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုနှင့် မကိုက်ညီသော အဝတ်အစားများမဝတ်ဆင်မိကြဖို့လိုပါသည်။ ဘုရားပေါ်တွင် မယဉ်ကျေးဘူးဟု ယူဆကြသည့်အတွက် "အင်္ကျီချိုင်းပြတ်တွေ၊ ဘောင်းဘီအတိုတွေနဲ့မလာကြနဲ့"ဟု သတိပေးထားရခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားကို သွားသည့်အခါဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းသွားသည့်အခါဖြစ်ဖြစ်၊ လူကြီးသူမတွေဆီ သွားသည့်အခါဖြစ်ဖြစ် သွားလာခဲ့မည်ဆိုရင် လုံလုံခြုံခြုံအဝတ်အစားများကိုသာ ဝတ်ဆင်သွားလာဖို့ လိုအပ်ခြင်း ဖြစ်ပါသည်။

ခရီးသွားသည့်အခါတွင်လည်း အဝတ်အစားကြပ်တာတွေကို ဝတ်ဆင်သွားလာမည်ဆိုလျှင် ဗိုက်အောင့်ခြင်း၊ ခေါင်းမူးခြင်းနဲ့ ပင်ပန်းခြင်းစသည်တို့ကို ကြုံတွေ့နိုင်ရပါသည်။ အချို့အင်္ကျီအသစ်များသည်လည်း အရောင်ပြားယားယံပြီး ဓာတ်မတည့်သည့်သူများဆိုလျှင် ယားယံသည့်ရောဂါရလာနိုင်ပါသည်။ ခရီးသွားသည့်အခါ မိမိနဲ့လိုက်ဖက်ပြီးသက်တောင့်သက်သာရှိသော ချောင်ချိသော အဝတ်အစားများကိုသာ စဉ်းစားဝတ်ဆင်သင့်ကြပါသည်။

အလားတူ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း အဝတ်အစားကိုသန့်သန့်ပြန့်ပြန့် မဝတ်စားခဲ့လျှင် ကျောင်းခန်းထဲအတွင်း ညစ်ညစ်ပေပေနှင့်နေကြရမည်ဖြစ်ပါသည်။ ထိုသူတို့ကိုမည်သူကမှ လိမ္မာပြီးစည်းကမ်းရှိသောသူများဟုမထင်ကြပါ။ ထို့ကြောင့် သန့်သန့်ရှင်းရှင်းဝတ်ပြီး ကိုယ့်ဘေးနားက သူငယ်ချင်းတွေလည်း ကိုယ့်ရဲ့ညစ်ပတ်တဲ့ အင်္ကျီကြောင့် အနှောင့်အယှက်မဖြစ်အောင်၊ ကျောင်းတက်သည့်အခါတွင်လည်း ကျန်းမာရေးနဲ့လည်းညီညွတ်အောင် သန့်ရှင်းစွာဝတ်ဆင်ကြရန် အထူးလိုအပ်ပါသည်။

ညဘက်ဆိုလျှင်လည်း ညဝတ်အင်္ကျီဆိုပြီး သတ်သတ်မှတ်မှတ်ထားသင့်ပါသည်။ တစ်နေကုန်ဝတ်ထားသော အင်္ကျီများ၏ အနံ့အသက်ကြောင့် အခြားသူများကို အနှောင့်အယှက်ဖြစ်စေပါသည်။ အပြင်သွားသည့်အခါ အင်္ကျီများမှာကပ်ပါလာတဲ့ ဗိုင်းရပ်စ်ပိုးတွေ၊ ဖုန်မှုန့်တွေကြောင့်လည်း ကျန်းမာရေးကို ထိခိုက်နိုင်ပါသေးသည်။ ဈေးကြီးပေးပြီး ညဝတ်အင်္ကျီတွေကို ဝတ်ဆင်ကြသူအချို့လည်းရှိပါသည်။ အမှန်က ဝတ်ဆင်ရတာလည်းလွယ်ကူပြီး သက်တောင့်သက်သာရှိသော လုံခြုံသော အင်္ကျီများထဲကမှ ဟောင်းသွားတဲ့ ဝတ်စုံလေးများကို ညတိုင်းသန့်သန့်ရှင်းရှင်းဝတ်ဆင်၍ အိပ်ကြမည်ဆိုလျှင်လည်း အတူတူအိပ်သူလည်း အနံ့ဆိုးတွေကို ရှူပြီးအိပ်စရာမလိုတော့သည့်အပြင် အိပ်ရာတွေလည်းသန့်၊ အတူတူအိပ်သူကိုလည်း အနှောင့်အယှက်မဖြစ်စေတော့ပါ။ ကျန်းမာရေးနှင့်လည်း ညီညွတ်စေပါသည်။

ထို့အပြင် နေမကောင်းသည့်သူများကိုသတင်းသွားမေးခြင်း၊ ဝမ်းနည်းနေတဲ့သူတွေဆီသွားခြင်းမျိုးဆိုလျှင် တောက်ပြောင်ပြီး မျက်စိစူးတဲ့အရောင်တွေနဲ့ အဝတ်အစားတွေကို မဝတ်စားသင့်ဘဲ ရှောင်ရှားသင့်ပါသည်။ သူများဝမ်းနည်းနေသည်ကို အသိအမှတ်ပြုတဲ့အနေဖြင့် တည်ငြိမ်ပြီးကျနေရှိတဲ့အရောင်တွေနဲ့ အဝတ်အစားကိုပဲ ဝတ်ဆင်သင့်ပါသည်။ အလှူတွေနဲ့မွေးနေ့ပွဲတွေကို သွားသည့်အခါဆိုလျှင်တော့ သူတို့ကိုဂုဏ်ပြုသည့်အနေဖြင့် တောက်တောက်ပြောင်ပြောင် လှလှပပလေးဝတ်စားသွားရန်လိုပါသည်။ ထို့ကြောင့် သူများတွေ ပျော်ရွှင်နေတဲ့အချိန်မှာ မလှမပ၊ မသပ်မရပ်နဲ့အဝတ်အစားတွေကို ဖြစ်သလို ဝတ်စားမသွားကြဖို့ အကြံပြုလိုပါသည်။ ဤမျှဆိုလျှင် ဝတ်စားဆင်ယင်မှုသည် ဘဝတွင် မည်မျှအရေးကြီးသည်ကို သဘောပေါက်ကြလောက်ပါပြီ။

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ အဝတ်အစားကို သင့်တင့်လျောက်ပတ်အောင် ဝတ်စားဆင်ယင်ခြင်းသည် မိမိအတွက်လည်း အဆင်ပြေလှပစေနိုင်မည်ဖြစ်သလို ပတ်ဝန်းကျင်မှသူများအတွက်လည်း အဆင်ပြေနှစ်သက်စေနိုင်သဖြင့် အဝတ်အစားကိုသွားလာလှုပ်ရှားနေတဲ့ နေရာအလိုက် သင့်တင့်အောင် ဝတ်စားတတ်ခြင်းသည် အရေးကြီးဆုံးအချက်ဖြစ်ပါကြောင်းနှင့် ပတ်ဝန်းကျင်လူအများအတွက် အနှောင့်အယှက်ဖြစ်စေသော မလှမပနှင့်မသပ်မရပ်ဖြစ်သလို ဝတ်စားဆင်ယင်သွားလာခြင်းမျိုးမပြုလုပ်ကြသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နော်ယဉ်ကျေး**

## အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်လှစ်သင်ကြား

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်သူ့စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စာငှားလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဒက္ခိဏခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဖွင့်လှစ်သင်ကြားရာ သင်တန်းနည်းပြများက စာကြည့်တိုက်သမိုင်း၊ စာကြည့်တိုက်နှင့် စာကြည့်တိုက်မှူးများ၏အခန်းကဏ္ဍ၊ စာစုလုပ်ငန်း၊ မှတ်ပုံတင်လုပ်ငန်း၊ ပညာရပ်ခွဲခြင်းလုပ်ငန်း၊ မျိုးတူစု ပြုရာတွင် အထောက်အကူပြုသည့် အချက်များနှင့် ရည်ညွှန်းစာအုပ်အမျိုးအစားများ၊ စာပြုလုပ်ငန်းနှင့် စာငှားလုပ်ငန်းများ၊ စာအုပ်များ လေလွင့်ပြန့်ကျဲမှု မဖြစ်စေရေး ကာကွယ်၊ ထိန်းသိမ်း၊ ပြုပြင်ရမည့်နည်းလမ်းများ စသည့် အကြောင်းအရာများကို စက်တင်ဘာ ၁၀ရက်မှ ၁၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V@ Kim Taehyung က Type 1 ရိုက်ကွင်းအတွက် ဟာဝိုင်ရီသွားခဲ့

ဘီတီအက်စ်မှ ဗွီ(ခေါ်) ကင်ထယ်ယောင်းက Type 1 ဓာတ်ပုံများ ရိုက်ကူးရန် ဟာဝိုင်အီသွားခဲ့သောပုံရိပ်များကို ပရိသတ်ထံ မျှဝေပေးထား၍ ပရိသတ်အား ပေးထားကြသည်။

အဆိုပါဓာတ်ပုံစာအုပ်ရိုက်ကွင်းအတွက် လွန်ခဲ့သောနှစ်က



ကင်ထယ်ယောင်းသည် ဟာဝိုင်အီသို့ သွားရောက်ရိုက်ကူးခဲ့ရာ အဖွဲ့ဝင်ဂျောင်ကုနှင့်အတူ သူ၏မန်နေဂျာကြီးပါ ဓာတ်ပုံအတူရိုက်ကူးထားသော ပုံရိပ်များကို ပြသထားသည်။

ယင်းဓာတ်ပုံရိုက်ကွင်းတွင် သုံးဦးသားအတူ ပျော်ရွှင်စွာရိုက်ကူးရေးအဖွဲ့နှင့် သွားရောက်ရိုက်ကူးထားကြပြီး ၂၀၂၃ခုနှစ်အတွက် အပန်းဖြေခရီးလည်း ဖြစ်ခဲ့ကြကာ ၂၀၂၄ခုနှစ်တွင် Type 1 Photobook ထွက်ရှိလာခဲ့ပြီး ကမ္ဘာ့အနှံ့ပရိသတ်အားပေးမှုများစွာရရှိ၍ ဓာတ်ပုံပြပွဲများကို နိုင်ငံအနှံ့ပြသခဲ့သည်ထိ အောင်မြင်မှုရရှိထားသည်။

SKY



## The Lord Of The Rings တွင် Cate Blan Chett အနုပညာကြေးမရရှိခဲ့

စာရေးဆရာကြီးဂျေအာရ်အာရ်တောကိန်း၏ The Lord Of The Rings ဝတ္ထုကို ဒါရိုက်တာပီတာဂျက်ဆင်က ရုပ်ရှင်သုံးကားထိ ရိုက်ကူးအောင်မြင်ခဲ့ပြီး အော်စကာဆုရှင်ကိတ်ဘလန်ချက်မှာ အနုပညာကြေးများစွာမရရှိခဲ့ကြောင်း အင်တာဗျူးတွင် ဖြေကြားသွားသည်။

အဆိုပါသရုပ်ဆောင်ကိတ်ဘလန်ချက်က Watch What Happens Live အစီအစဉ်တွင် ပါဝင်ခဲ့ပြီး သူ၏အနုပညာကြေးအများဆုံးရုပ်ရှင်ကို မေးခဲ့ရာ The Lord Of The Rings ရုပ်ရှင်ရိုက်ဖို့ ဘယ်သူမှဘာမှမရခဲ့ကြဘဲ အသားညှပ်ပေါင်မုန့် အလကားစားခွင့်သာရခဲ့သည်ဟု ထုတ်ဖော်ပြောကြားသွားသည်။

ယင်းရုပ်ရှင်သုံးကားစလုံးဝင်ငွေမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးရရှိခဲ့ပြီး အော်စကာဆုများစွာဆွတ်ခူးရရှိခဲ့သော်လည်း အဓိကသရုပ်ဆောင်ကိတ်ဘလန်ချက်မှ အနုပညာများစွာမရရှိခဲ့ဟု ဆိုသည်။

SKY

## ဆေးခြောက်ကိုမှီဝဲသုံးစွဲလျှင် ဦးခေါင်းနှင့် လည်ချောင်းကင်ဆာ ငါးဆတိုး၍ ဖြစ်ပွားလာနိုင်

ဆေးခြောက်ကို ကမ္ဘာ့နိုင်ငံအများစုက မူးယစ်ဆေးအဖြစ် သတ်မှတ်ကြသော်လည်း ၎င်းကို ဥရောပနိုင်ငံအချို့က ဆေးအဖြစ် မှီဝဲနိုင်သော အပင်အခြေပြုပစ္စည်းတစ်မျိုးအဖြစ် လက်ခံထားကြသည်။

ဆေးခြောက်၏ ဆိုးကျိုးအကြောင်းကို အမေရိကန်ပြည်ထောင်စု တောင်ကာလီဖိုးနီးယားတက္ကသိုလ်မှ ဦးခေါင်းနှင့် လည်ချောင်းခွဲစိတ်ဆရာဝန်ကြီးပါမောက္ခ နီးလ်စ်ကိုကော့ ဦးဆောင်သောသုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဆေးခြောက်ကို မှီဝဲသုံးစွဲလျှင် ဦးခေါင်းနှင့် လည်ချောင်းကင်ဆာ ငါးဆတိုး၍ ဖြစ်ပွားလာနိုင်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း စာတန်းရေးသားပြီးတင်ပြခဲ့သည်။

ဆေးခြောက်ရွက်ကို ဆေးလိပ်အဖြစ်သောက်လျှင် စီးကရက်သောက်သည့်ဆိုးကျိုးများအတိုင်း ခံစားရမည်သာဖြစ်သည်ဟုလည်း ပါမောက္ခ နီးလ်စ်ကိုကော့က ရှင်းပြကြောင်းသိရသည်။

SCI



## Baby Monster မှ Ahyeon က Jennie ကို စံပြအဖြစ်သတ်မှတ်



ဘေဘီမွန်းစတားအဖွဲ့ဝင် အာရှန်သည် ဘလက်ပင့်ခ်မှ ဂျင်းနီအသေးစားလေးဟု သတ်မှတ်ခံရ၍ အာရှန်ကဂျင်းနီမှာ သူ၏စံပြဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

အာရှန်ကသင်တန်းသူဘဝမှ စ၍ သူ၏စံပြဖြစ်သူမှာ ဂျင်းနီဖြစ်ပြီး ပွဲဦးထွက်နိုင်အောင်စိတ်ခွန်အားပေးခဲ့သူဖြစ်၍ ဂျင်းနီအသေးစားလေးဟု သတ်မှတ်ခံရသည်ကို ဂုဏ်ယူသည်ဟုအင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်။

အာရှန်က ဂျူနီယာတစ်ဦးဖြစ်၍ စီနီယာဂျင်းနီထက်ပိုကောင်းအောင်လုပ်ချင်ပြီး ဂျင်းနီ၏ကိုယ်ပိုင်စွမ်းရည်များကိုလည်း သဘောကျခဲ့သည်ဟု ထပ်ဆင့်ပြောကြားခဲ့သည်။

SKY

## Kalki ရုပ်ရှင်နှင့် ဘောလိဝုဒ်နှင့် တောင်ပိုင်းကြား ရန်မီးတစ်စဖြစ်ခဲ့

ဘောလိဝုဒ်သရုပ်ဆောင် အမီတာဘချမ်းနှင့် တောင်ပိုင်းသရုပ်ဆောင်ပရာဘတ်စ်တို့ ပါဝင်သည့် Kalki ရုပ်ရှင်မှာ ဝင်ငွေအရ အောင်မြင်ခဲ့သော်လည်း ဝေဖန်မှုများစွာခံရပြီး ဘောလိဝုဒ်နှင့် တောင်ပိုင်းကြားရန်မီးတစ်စဖြစ်ခဲ့ရသည်ဟု ဘောလိ သည်။

အိန္ဒိယရုပ်ရှင်လောကကြီးနှစ်ခုဖြစ်သည့် ဟင်ဒီစကားပြောဘောလိဝုဒ်နှင့် တယ်လီဂူစကားပြော တောင်ပိုင်းဘောလိဝုဒ်ရုပ်ရှင်လောကတွင် တင်းမာမှုဖြစ်ခဲ့ရခြင်းမှာ ဟင်ဒီနာမည်ကြီးသရုပ်ဆောင်တစ်ဦး၏ ဝေဖန်



အဆိုပါရုပ်ရှင်ကို နာမည်ကြီးသရုပ်ဆောင်အာရှပ်ဝါချီက အမီတာဘချမ်းကို ချီးကျူးထားပြီး ပရာဘတ်စ်ကို ဝေဖန်မှုအပေါ် တောင်ပိုင်းပရိသတ်များက ပြင်းထန်စွာတုံ့ပြန်ထား၍ ဒါရိုက်တာနပ်အာရှဝင်းက နောက်ကြောင်းမပြန်ကြဘဲ တောင်မြောက်ခွဲခြားမှုမရှိ ဘောလိဝုဒ်နှင့် ဘောလိဝုဒ် စည်းလုံးသည့်ရုပ်ရှင်ကားထုတ်ခဲ့ခြင်းမှာ စည်းလုံးမှုကိုပြသခြင်းဖြစ်ကာ ပရာဘတ်စ်အပေါ် အကောင်းဆုံးမြင်ရအောင်ကြိုးစားသွားပါမည်ဟု ဖြေရှင်းချက်ထုတ်ထားသည်။

ယင်းရုပ်ရှင်တွင် Kalki 2829 AD သည် ဟိန္ဒူကျမ်းစာလာကုရုခေတ္တရာ စစ်ပွဲအပြီး သက္ကရာဇ် ၂၈၂၉ အတွင်း ကပ်ဆိုက်ကာလရင်ဆိုင်ပုံကို ပြသထားသည်။

SKY

## Jam Rachata က မွေးနေ့အလှူအကြောင်း ပြောကြားထား



ထိုင်းအနုပညာလောကတွင် ဘဝကို အရှိုးရှင်းဆုံးနေထိုင်သည့် ဂျန်ရာချာတာသည် သူ၏မွေးနေ့အစီအစဉ် အလှူဒါနများအကြောင်း ပရိသတ်ကို ရိုးရှင်းစွာပြောကြားမျှဝေထားသည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျန်ရာချာတာသည် အဆိုတော်၊ သရုပ်ဆောင်တစ်ဦးဖြစ်ပြီး သူ၏ တစ်ကိုယ်တော်သီချင်းနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့်ဝေဖန်မှုများ ပြုလုပ်နိုင်ကြောင်း အင်တာဗျူးတွင် ပြောကြားခဲ့ပြီး မွေးနေ့အစီအစဉ်များကိုပါ ပြောကြားသွားသည်။

ဂျန်ရာချာတာက သူ၏မွေးနေ့တွင် နှစ်မီတာရှိဗုဒ္ဓရုပ်ပွားတော်ကို မွေးရပ်မြေတွင် လှူဒါန်းမည်ဖြစ်ကြောင်း ပရဟိတလုပ်ငန်းများအဖြစ် ဘုရားကျောင်းပြုပြင်မွမ်းမံရန်အတွက် ရန်ပုံငွေလှူဒါန်းထားကြောင်း၊ နယ်စပ်ဒေသတစ်လျှောက် ချို့တဲ့စာသင်ကျောင်းနှင့် ကလေးငယ်များအတွက် လှူဒါန်းမှုများပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

ထိုင်းပရိသတ်များက ဂျန်ရာချာတာ၏ စိတ်သဘောထားလှပမှုအတွက် ချီးကျူးခဲ့ပြီး မွေးနေ့ဆုတောင်းပေးထားကြသည်။

SKY

## Aishwarya Rai Bachchan ၏ ဖက်ရှင်ကို မင်္ဂလာပွဲတွင် အတုယူဖန်တီးခဲ့

ကမ္ဘာ့အလှမယ်စာရင်းဝင် အိန္ဒိယမယ်စကြာဝဠာ အစ်ဝါရီယာရိုင်ဘချမ်း၏ Hum Dil De Chuke Sanama ရုပ်ရှင်ထဲမှ ဖက်ရှင်စတိုင်လ်ကို မင်္ဂလာပွဲတွင် ဝတ်ရန် ပရိသတ်တစ်ဦးက အတုယူဖန်တီးခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဖက်ရှင်ဝတ်စုံနှင့် ရတနာပစ္စည်းများ ဆင်မြန်းမှုကို ကမ္ဘာကျော်သူဌေးကြီး၏သား အာနန်အမ်ဘာနီနှင့် ရာဒီကားတို့ မင်္ဂလာပွဲတွင် အစ်ဝါရီယာရိုင်းဘချမ်း ဝတ်ဆင်ထားသည့်အတိုင်း ပြင်ဆင်ပေးရန်နှင့် ရုပ်ရှင်ထဲမှ ဖက်ရှင်စတိုင်လ်ကိုပါ ဒီဇိုင်နာများကို တူအောင်ချုပ်ပေးရန် တောင်းဆိုခဲ့သည်။

မင်္ဂလာပွဲတွင်လည်း အစ်ဝါရီယာရိုင်းနှင့်အတူတွဲ၍ ဓာတ်ပုံရိုက်ထားကာ Aishwaya ဟု ရေးသား၍ အင်စတာဂရမ်တွင် တင်၍ မျှဝေပေးထားသည်။

SKY



## ဒေါ်နယ်လ်ထရမ့်နှင့် ကာမာလာဟဲရစ်တို့နှစ်ဦး အမေရိကန်သမ္မတရွေးကောက်ပွဲ စကားစစ်ထိုး



**ဝါရှင်တန် စက်တင်ဘာ ၁၁**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်တို့နှစ်ဦး စက်တင်ဘာ ၁၀ ရက် ညပိုင်းက ပထမဆုံးအကြိမ် စကားစစ်ထိုးခဲ့ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့၏ မိနစ် ၉၀ ကြာ စကားစစ်ထိုးပွဲကို အဆိုပါသတင်းဌာနက လက်ခံစီစဉ်ပြုလုပ်ပေးကာ ရုပ်မြင်သံကြားစနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့သည်။

စီစဉ်တင်ဆက်သူ နှစ်ဦး အစဖော်ပေးသော အကြောင်းအရာအသီးသီးနှင့်ပတ်သက်၍ အဆိုပါသမ္မတလောင်းနှစ်ဦး အပြန်အလှန်ဝေဖန်ထောက်ပြစကားစစ်ထိုးခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အမေရိကန် သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်း အာကာသထဲလမ်းလျှောက်ထွက်ရန် မျှော်မှန်းထား

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်အာကာသခရီးဝန်ဆောင်မှုကုမ္ပဏီက ဖလော်ရီဒါပြည်နယ်ရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ခံနိုင်ရည်ဟု အမည်ပေးထားသော အာကာသယာဉ်ကို စက်တင်ဘာ ၁၀ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

ယင်းအာကာသယာဉ်ကို စီးနင်း လိုက်ပါသွားသူတစ်ဦးဖြစ်သည့် အမေရိကန်သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်း အနေဖြင့် ကမ္ဘာပတ်လမ်းကြောင်းထဲရောက်ရှိပြီးနောက် အာကာသထဲလမ်းလျှောက်ထွက်ရန် မျှော်မှန်းထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စပေ့စ်အိတ်ခ်စ်ကုမ္ပဏီမှ အင်ဂျင်နီယာ နှစ်ဦး၊ အမေရိကန်လေတပ်မှ လေသူရဲဟောင်း တစ်ဦးတို့နှင့်အတူ ဂျရက်အိုက်ဇက်မန်း စီးနင်းလိုက်ပါသွားသော ခံနိုင်ရည် အာကာသယာဉ်မှာ ယခု ကမ္ဘာမြေမှ မိုင်ပေါင်း ၈၇၀ ခန့် ကွာဝေးသော ပတ်လမ်းထဲသို့ ရောက်ရှိနေပြီဟု ဆိုသည်။

အိုက်ဇက်မန်းသည် အာကာသထဲ၌ လမ်းလျှောက်လိုသဖြင့် ယင်းအာကာသယာဉ်လွှတ်တင်သော အစီအစဉ်တွင် ငွေကြေးထည့်ဝင်ပြီး စီးနင်းလိုက်ပါခဲ့ခြင်းဖြစ်သည်။

၎င်းမှအပ ထိုခံနိုင်ရည် အာကာသယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများအနေဖြင့် အာကာသထဲ၌ စမ်းသပ်ချက် ၄၀ အထိ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

**STOP AIDS**

## ဖရန်စင်းဟု အမည်ရသော အပူပိုင်းဟာရီကိန်းမုန်တိုင်း လူဝီစီယားနားပြည်နယ်ထဲသို့ ဝင်ရောက်တော့မည်

**ဝါရှင်တန် စက်တင်ဘာ ၁၁**

ဖရန်စင်းဟု အမည်ရသော အပူပိုင်းဟာရီကိန်းမုန်တိုင်း လူဝီစီယားနားပြည်နယ်ထဲသို့ ဝင်ရောက်တော့မည်ဟု စက်တင်ဘာ ၉ ရက်က အမေရိကန်မုန်တိုင်းပညာရှင်များ ကြိုတင်သတိပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဟာရီကိန်းမုန်တိုင်းအသွင်သို့ ပြောင်းလဲလာသဖြင့် ၎င်းကို ဖရန်စင်းဟု အမည်ပေးလိုက်ခြင်းဖြစ်သည်။

ယင်းမုန်တိုင်းသည် စက်တင်ဘာ ၁၁ ရက်တွင် တစ်နာရီလျှင် မိုင် ၉၀ နှုန်းဖြင့် လူဝီစီယားနား၊ တက္ကဆက် စသောပြည်နယ်များအတွင်းသို့ ဝင်ရောက်တိုက်ခတ်လိမ့်မည်ဟု မုန်တိုင်းပညာရှင်များက ထပ်လောင်းသတိပေးခဲ့ကြောင်း သိရသည်။

**Mon**



ဂျပန်နိုင်ငံ ဖူကူရှီးမားဒေသမှ ထွက်ရှိသော မက်မုံသီးများ ကျူတစ်ဘူးလျှင် စတာလင်ပေါင် ၈၀ နှုန်းဖြင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ဟားရော့ကုန်တိုက်က ရောင်းချပေးနေသည်ကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ **Mon**



## တစ်ဦးလျှင် ဝင်ကြေး ယန်း ၂၀၀၀ ကောက်ခံပြီးနောက် ဖူဂျီတောင်ပေါ်သို့ တက်ရောက်သူဦးရေ လျော့ကျလာ

**တိုကျို စက်တင်ဘာ ၁၁**

တစ်ဦးလျှင် ဝင်ကြေး ယန်း ၂၀၀၀ ကောက်ခံပြီးနောက် ဖူဂျီတောင်ပေါ်သို့ တက်ရောက်သူဦးရေ လျော့ကျလာသည်ဟု ဂျပန်ခရီးသွားလုပ်ငန်းဌာနက အစီရင်ခံတင်ပြထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုထိန်းသိမ်းရန်နှင့် တောင်တက်သမားများ၏ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ရန်အတွက် ရည်ရွယ်ကာ တောင်တက်ခတိုးမြှင့်ကောက်ခံပြီးနောက် ဇူလိုင်လဆန်းပိုင်းမှ စက်တင်ဘာလဆန်းပိုင်းအထိ ဖူဂျီတောင်တက်သူ အရေအတွက် ၁၄ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ကြောင်း ဂျပန်ပတ်ဝန်းကျင်ဝန်ကြီးဌာနကလည်း အတည်ပြုသည်။

ယမန်နှစ် နွေရာသီက ဖူဂျီတောင်တက်သူ စုစုပေါင်း ၂၀၀၀၀၀ ဦးကျော်ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၇၈၀၀၀ ဦးသာရှိတော့ကြောင်း ဂျပန်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ အမှတ်သင်္ကေတဖြစ်သော ဖူဂျီတောင်သို့ ရောက်ရှိရန် တိုကျိုမြို့လယ်မှ ၂ နာရီကြာ မီးရထားစီးသွားရကြောင်း သိရသည်။

**Mon**

## ယာဂီတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်သဖြင့် ဗီယက်နမ်တွင် လူပေါင်း ၁၂၇ ဦးထက်မနည်း သေဆုံး

**ဟနွိုင်း စက်တင်ဘာ ၁၁**

အင်အားပြင်း ယာဂီတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်သဖြင့် ဗီယက်နမ်တွင် လူပေါင်း ၁၂၇ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်နာရီလျှင် ၉၂ မိုင်နှုန်းဖြင့် တိုက်ခတ်သောလေပြင်းများကြောင့် အထူးသဖြင့် ဗီယက်နမ်မြောက်ပိုင်းပြည်နယ်များရှိ လူနေအိမ် အမိုးများလန်ကာ သစ်ပင်အချို့ အမြစ်မှ ကျွတ်ထွက်ခဲ့သည်။

နှစ်ပေါင်း ၃၀ အတွင်း ဗီယက်နမ်နိုင်ငံတွင် အပြင်းထန်ဆုံးဖြစ်ခဲ့သည်ဆိုသော ယာဂီမုန်တိုင်းကြောင့် ထိုပြည်နယ်အတွင်းရှိ ဖုန်းချောင်တံတား တစ်ခြမ်းပြိုကျခဲ့သည်။

မုန်တိုင်းနောက်ဆက်တွဲ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပွားရာဒေသခံ သိန်းနှင့်ချီ၍ ဘေးလွတ်ရာ ရှောင်တိမ်းနေကြရသည်။

မြောက်ပိုင်းပြည်နယ် ၁၈ ခုတွင် ရေကြီး၊မြေပြိုမှုများ ဆက်လက် ကြုံတွေ့ရဖွယ်ရှိသဖြင့် သက်ဆိုင်ရာက ဒေသခံများကို ကြိုတင်သတိပေးထားကြောင်း သိရသည်။ **Mon**



## မျောက်ကျောက်ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ကွန်ဂိုနိုင်ငံမှ သူနာပြုများ စိုးရိမ်လျက်ရှိသည်ဟု ဆို

**ကင်ဆာရှာ စက်တင်ဘာ ၁၁**

မျောက်ကျောက်ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ကွန်ဂိုနိုင်ငံမှ သူနာပြုများ စိုးရိမ်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥရောပကော်မရှင်မှ ပေးပို့သော ကာကွယ်ဆေးအလုံးရေ ၂၀၀၀၀၀ စက်တင်ဘာ ၉ ရက်အထိ ရောက်မလာသေးသဖြင့် ဆေးရုံသို့ တဖွဲဖွဲရောက်လာနေသော မျောက်ကျောက်လူနာများကို ထိတွေ့ကိုင်တွယ်နေရသော သူနာပြုများ တစ်ကိုယ်ရေ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ခဲ့ကြသည်။

စက်တင်ဘာ ၁၀ ရက်တွင်မှ မျောက်ကျောက်ရောဂါအမိကဖြစ်ပွားနေသည့် တောင်ကီဗူဒေသသို့ အဆိုပါကာကွယ်ဆေးများ ရောက်လာပြီဖြစ်ရာ သူနာပြုများအတွက်ရော၊ ဒေသခံများအတွက်ပါ စိတ်အေးရတော့မည်ဟု ဆိုသည်။

ယင်းကာကွယ်ဆေးများ ကွန်ဂိုနိုင်ငံ၏မြို့တော် ကင်ဆာရှာသို့ အဆောတလျင် ရောက်ရှိခဲ့ပြီးနောက် နယ်ဘက်သို့ ၎င်းတို့ကို စနစ်တကျ ပို့ဆောင်ပေးရန် အချိန်ယူလုပ်ဆောင်ခဲ့ရသဖြင့် အရောက်နောက်ကျခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## သဘာဝဘေးနှင့်စပ်လျဉ်း၍ အရေးပေါ်အစည်းအဝေး ကျင်းပ

**မိုင်းယောင်း စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက သဘာဝဘေးနှင့်စပ်လျဉ်း၍ အရေးပေါ်အစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးသီးနှံများ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီအလိုက် စုဖွဲ့ပြင်ဆင်ဆောင်ရွက်နေမှုကို ဆွေးနွေးပြောကြားပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



၎င်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ကျင်းပခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၅၀၅)**



## ဇော်ဂျီမြစ်ရေ မြင့်တက်မှုကြောင့် ဟံမြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းသွား ကားလမ်းရေကျော်မှု ဖြစ်ပွား

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သံရွာကျေးရွာအနီး၊ ဟံမြင့်မိုရ်-အောင်ပန်း-မြို့ကြီး-ရှာင်ကားလမ်း မိုင်တိုင်အမှတ်(၅/၀)နှင့် (၆/၀) ကြားတွင် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲက ဇော်ဂျီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီး၊ ရေကျော်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဇော်ဂျီမြစ်ရေ မြင့်တက်ပြီး ကားလမ်းပေါ်သို့ အမြင့် ၃ ပေခန့်၊ အလျားပေ ၂၀၀၊ တစ်စက္ကန့်လျှင် ၂၅၀၀ ကုဗပေ အလျှင်နှုန်းဖြင့် ဖြတ်သန်းစီးဆင်းနေသဖြင့် ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များ ဘေးအန္တရာယ်မဖြစ်ပွားအောင် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

## ကံမမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ ဖြန့်ဝေ

**ကံမ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ် အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**(အပေါ်ပုံ)**

**ကျော်ဇေယျဝင်း(ကံမ)**

၀-၀-၀-၀-၀-၀-၀

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး စက်တင်ဘာ ၁၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို -မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ KBTC အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်လွှမ်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)မှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူမင်းက ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ လုပ်ငန်းစဉ် (၅)ရပ်ကို ဟောပြောကြပြီး တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများအား အသင်းဗဟိုအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်နှင့် ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန် ရွတ်ဆိုကြကြောင်း သိရသည်။

**(၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီခွဲက သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းတွင် မင်းကျော်(ခ)အားယုံဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ အလေးချိန် ၄၀ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ



မောင်စန်း(ခ)လောက်ချိုက်ဆိုသူအား ၎င်းနေထိုင်သည့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)ရှိ နေအိမ်တွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မင်းကျော်(ခ)အားယုံ(၄၅)နှစ်နှင့် မောင်စန်း(ခ)လောက်ချိုက်(၄၂)နှစ်ဆိုသူတို့အား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အိုက်စ်(မက်သ်အဖက်တမင်း) ၁ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက် ၄ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းကျိန်ကျေးရွာအနီး၊ မိုင်းလား-ကျိုင်းတုံ သွားကားလမ်းတွင် လော်တား ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX REVO မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၀၄၇ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိခဲ့သည့် အိုက်စ်(မက်သ်အဖက်တမင်း)များအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

# လောင်းလုံမြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများ ယူဆောင်သွားကြောင်း လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံမြို့နယ်ရှိ သဘောဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို စက်တင်ဘာ ၁ဝ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းပြီး နေအိမ် ခြောက်လုံးကို မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**




အဆိုပါသတင်းနှင့်ပတ်သက်၍ လောင်းလုံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သဘောဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လောင်းလုံမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတပ်မြို့တွင် အမျိုးသား သုံးဦးထက်မနည်း ဖမ်းဆီးခံရဟု မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့တွင် စက်တင်ဘာ ၇ ရက် တစ်ရက်တည်းတွင် အရပ်သား သုံးဦးထက်မနည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မင်းတပ်မြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း/ပတ်ကင်းများကို မင်းတပ်မြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မင်းတပ်မြို့အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ဝ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Smill Smill” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ သီဟဇော်အား ည ၆ နာရီ ၃၅ မိနစ်တွင် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် သစ်နှင့် ယာဉ်၊ ယန္တရားများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၇ ဒသမ ၁၅၇၄ တန်၊ သစ်မာ ၁၆ ဒသမ ၄၄၁၆ တန်၊ အခြား ၁၀ ဒသမ ၃၅၄၄ တန် စုစုပေါင်း ၄၃ ဒသမ ၉၅၃၄ တန်၊ ယာဉ်/ယန္တရား ၁၃ စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စာပတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်းနှင့် စာပတ်ဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်းနှင့် စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ စာပေစကားဝိုင်းနှင့် စာဖတ်ဝိုင်းတွင် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာသန်းစိုးအောင်က မှဒိတာစကားပြောကြားပြီးနောက် စာရေးဆရာ ဘုန်းဇော်မိုး-ဥဿာ(စာပေ စေတမန်)က မျိုးစေ့မှအပင် အပင်မှ မျိုးစေ့ ဆောင်းပါးတို့ ဆွေးနွေးသည်။ ဆက်လက်ပြီး စာရေးဆရာ စိုင်းမြတ်သူက လွမ်းရတုစာပေစာအုပ်ကို မိတ်ဆက်ရှင်းလင်းခဲ့ပြီးနောက် တက်ရောက်လာကြသည့် စာရေးဆရာကြီးများဖြစ်ကြသည့် မင်းလပြည့်၊ ကိုရင်ကျော်၊ မြတ်သာထွန်း၊ စိုးဝင်း (ဆသရ)၊ ဆရာ ဦးလေးမောင်တို့က စာပေဆိုင်ရာ အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူးနှင့် စာရေးဆရာများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ရွှေထည်ပစ္စည်းမျိုးစုံ၊ လုယက်ယူဆောင်မှု ပြစ်ဒဏ်များ ကျခံစေရန် အမိန့်ချမှတ်

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ (၂၂)လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ ကြားရှိ လင်းလက်ပါ ရွှေယန်းတိမ်လုပ်ငန်း လုပ်ကိုင်ရာနေအိမ်သို့ (၂၈-၃-၂၀၂၄) ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အမျိုးသား ၄ ဦးမှ ဧည့်စာရင်းစစ်ရန်အကြောင်းပြ၍ နေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး ရွှေထည်ပစ္စည်းမျိုးစုံ၊ အလေးချိန် ၂ပိဿာခွဲခန့် (ကာလတန်ဖိုးငွေကျပ် သိန်းပေါင်းတစ်သောင်းကျော်ခန့်)အား လုယက်ယူဆောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အောင်မြေသာစံမြို့မရဲစခန်းမှ တရားခံများအပေါ် ရဲစခန်း(ပ) ၅၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ- ၃၉၅/၃၄၊ ၃၂၃/၁၁၄၊ ၁၇၁၊ ၄၁၄၊ ၄၁၂၊ ရဲစခန်း(ပ) ၅၅/၂၀၂၄၊ လက်နက်ဥပဒေပုဒ်မ- ၂၅/၃၁ ၊ ရဲစခန်း(ပ) ၅၆/၂၀၂၄၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈/၁၀ တို့အရတရားစွဲတင်ပို့ခဲ့သည်။

အောင်မြေသာစံခရိုင် တရားရုံးက ရာဇဝတ်ကြီးမှုအမှတ်-၈၃/၂၀၂၄၊ အောင်မြေသာစံမြို့နယ်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ်-၃၂၉/၂၀၂၄၊ ရာဇဝတ်ကြီးမှုအမှတ်- ၃၃၀/၂၀၂၄ တို့ဖြင့် လက်ခံစစ်ဆေးပြီးနောက် (၉-၉-၂၀၂၄)ရက်တွင် တရားရုံးက တရားခံ မြတ်သူအောင်အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၉၅အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်၊ ရာဇသတ်ကြီးပုဒ်မ-၃၂၃အရ အလုပ်နှင့်ထောင်ဒဏ်(၁)နှစ်၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ-၈ အရ အလုပ်နှင့် ထောင်ဒဏ်(၃)နှစ်နှင့် လက်နက်ဥပဒေပုဒ်မ-၂၅အရ အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်၊ တရားခံစိုးမိုးဦး၊ တရားခံမျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့နှင့် တရားခံ ညီထူးအောင်(ခ)ညီညီတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ-၃၉၅ အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ - ၃၂၃/၁၁၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ-၁၇၁ အရ အလုပ်နှင့်ထောင်ဒဏ် (၃)လစီ ၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈/၁၀အရ အလုပ်နှင့်ထောင်ဒဏ်(၃)နှစ်စီနှင့် လက်နက်ဥပဒေပုဒ်မ-၂၅/၃၁အရ အလုပ်နှင့်ထောင်ဒဏ်(၇)နှစ်စီ၊ တရားခံ ကိုကိုနိုင်(ခ)ကိုနိုင်အပေါ်ရာဇသတ်ကြီးပုဒ်မ-၃၉၅ အရ အလုပ်နှင့် ထောင်ဒဏ်(၂၀)နှစ်၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ-၈/၁၀ အရ အလုပ်နှင့် ထောင်ဒဏ် (၃)နှစ်နှင့် လက်နက်ဥပဒေပုဒ်မ-၂၅/၃၁ အရ အလုပ်နှင့်ထောင်ဒဏ်(၇)နှစ်၊ တရားခံထက်လှိုင်(ခ)လှိုင်ကြီးအပေါ် ရာဇသတ်ကြီး ပုဒ်မ-၃၉၅ အရ အလုပ်နှင့်ထောင်ဒဏ် (၂၀) နှစ်နှင့် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ-၈/၁၀အရ အလုပ်နှင့် ထောင်ဒဏ်(၃)နှစ်၊ တရားခံ ရွှန်းလဲ့မောင်(ခ)မီးမီးအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၁၂ အရ အလုပ်နှင့်ထောင်ဒဏ်(၂၀)နှစ်၊ တရားခံထွန်းမင်းလတ်အပေါ် လက်နက်ဥပဒေပုဒ်မ-၂၅/၃၁ အရ အလုပ်နှင့်ထောင်ဒဏ်(၇)နှစ်၊ တရားခံ မင်းမင်းစိုး(ခ)တုတ်ကြီးအပေါ် ရာဇသတ်ကြီး ပုဒ်မ-၄၁၄ အရ အလုပ်နှင့် ထောင်ဒဏ်(၃)နှစ် အသီးသီးကျခံစေရန်နှင့် ပြစ်ဒဏ်များသီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

(၀၉၃)






## နည်းပြ ပိုချက်တီနိုအား နည်းပြသစ်အဖြစ် အမေရိကန်လက်ရွေးစင်အသင်း ခန့်အပ်

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပိုချက်တီနိုအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် အက်စ်ပန်ညို၊ ဆောက်သမ်တန်၊ စပါး၊ ပီအက်စ်ဂျီ၊ ချဲလ်ဆီး စသည့် ကလပ်အသင်းများစွာကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦး ဖြစ်ခြင်းကြောင့် အမေရိကန်လက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၂)နှစ်အရွယ်ရှိ ပိုချက်တီနိုက "ကျွန်တော် အခုလို အမေရိကန်လက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်နိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)
(NGB)

## ဟယ်ရီကိန်း လက်ရွေးစင်ကစားသမားဘဝ နိုင်ငံတကာပွဲ (၁၀၀)ပြည့်မြောက်

**လန်ဒန် စက်တင်ဘာ ၁၁**

အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း လက်ရွေးစင်ကစားသမားဘဝ နိုင်ငံတကာပွဲ (၁၀၀)ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် အင်္ဂလန်အသင်းက ဖင်လန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက်အဖိုးတန်သွင်းဂိုးနှစ်ဂိုးသွင်းယူပြီး ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ပွဲ ၁၀၀ ကစားကာ ၆၈ဂိုးထိလည်း သွင်းယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အလွန်ကျေနပ်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

## ဗစ်တာမောဆက်စ်အား လူတန်တောင်းအသင်းခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁၁**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် လူတန်တောင်းအသင်းသည် ချဲလ်ဆီး အသင်းနှင့် လီဗာပူးအသင်း တောင်ပံကစားသမားဟောင်း ဗစ်တာမော့ဆက်စ်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လူတန်တောင်းအသင်းတွင် ကျောနံပါတ်(၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။



တောင်ပံကစားသမား ဗစ်တာမော့ဆက်စ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဝီဂန်၊ ချဲလ်ဆီး၊ လီဗာပူး၊ ဝက်စ်ဟမ်း၊ ဖီနာဘာချီ၊ အင်တာမီလန်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လူတန်တောင်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူတန်တောင်းအသင်းထုတ်ပြန်ချက်တွင် "ဗစ်တာမော့ဆက်စ်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)
(NGB)

## ဆာလာအား မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စီစဉ်

**ပါရီ စက်တင်ဘာ ၁၁**

ပြင်သစ်လီဂူးထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းသည် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာအား မြင့်မားသည့် လုပ်ခလစာဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၂ပွဲကစားပြီး ၂၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။



ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လီဗာပူး အသင်းထံမှ ဆာလာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ၂၀၂၆ကမ္ဘာ့ဖလားခြေစစ်ပွဲ (တောင်အမေရိကဇုန်)ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပါရာဂွေးအသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပါရာဂွေးအသင်းက ဘရာဇီးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းလက်မဲ့ ဖြစ်နေသော ဝါရင့်ကွင်းလယ်ကစားသမား ရာဘီယော့အား ခေါ်ယူနိုင်ရန် အသည်းအသန် ကြိုးပမ်းလျက်ရှိနေသည်။ (NGB)





## နယ်သာလန်အသင်းနှင့် ဂျာမနီအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ

**လန်ဒန် စက်တင်ဘာ ၁၁**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂မိနစ်တွင် ရီဂျန်ဒါ၊ ပွဲချိန် ၅၀မိနစ်တွင် ဒမ်ဖရိုင်းတို့က သွင်းယူပေးခဲ့ပြီး၊ ဂျာမနီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၈မိနစ်တွင် အွန်ဒက်ချ်၊ ပွဲချိန် (၄၅+၃)မိနစ်တွင် ကင်မစ်ချ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၂ရက်တွင် ဟန်ဂေရီအသင်းနှင့်လည်းကောင်း၊ ဂျာမနီအသင်းသည် အောက်တိုဘာ ၁၂ရက်တွင် ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဒူရမ် အက်စတွန်ဗီလာအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် စက်တင်ဘာ ၁၁**

တိုက်စစ်မှူး ဒူရမ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အက်စတွန်ဗီလာအသင်းမှ အတည်ပြုခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို ပြီးခဲ့သည့် နွေရာသီဈေးကွက်အတွင်းတွင် ကမ်းလှမ်းမှု ၄၀ခန့်ထိ ရှိသော်လည်း အက်စတွန်ဗီလာအသင်းက ပယ်ချခဲ့သည်။

တိုက်စစ်မှူး ဒူရမ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၂ ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်း ထုတ်ပြန်ချက်တွင် "ဒူရမ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)
(NGB)



## 2024 Chengdu Open တင်းနစ်ပြိုင် စက်တင်ဘာ ၁၈ရက်တွင် စတင်မည်

**ချန်ဒူး စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Chengdu Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

အဆိုပါ 2024 Chengdu Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၈ရက်မှ ၂၅ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Chengdu Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Chengdu Open တင်းနစ်ပြိုင်ပွဲ၏လက်ရှိချန်ပီယံမှာ ဂျာမနီ တင်းနစ်ကစားသမား Alexander Zverevဖြစ်သည်။

(NGB)

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ တည်ဆောက်ခြင်းနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ မွန်းလွဲပိုင်းက မြို့တွင်းအဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၆၂ လမ်းမကြီးတစ်လျှောက် ၁၂ လမ်းမှ ၁၃၉ လမ်းအတွင်း မြို့နယ်အလိုက် သတ်မှတ်နေရာများ ပိုင်းခြား၍ အဖွဲ့(၅)ဖွဲ့ လုပ်သားအင်အား (၂၅၀)ဦးဖြင့် လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းအသစ်များ ဆောင်ရွက်ခြင်း၊ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြားသို့ ရောက်ရှိကြပြီး လမ်းမကြီး၏ အရှေ့ဘက်ခြမ်းတစ်လျှောက်တွင် ရေသွား (၃)ပေအကျယ် မူလရေနုတ်မြောင်းပေါ်သို့ အုတ်ရိုးစီပြီး ၃ ပေခွဲ အကျယ်မြောင်းဖုံးများတပ်ဆင်ရန် ဆောင်ရွက်နေမှုနှင့် လူသွားပလက်ဖောင်းလမ်းအကျယ် ၅ ပေ Road Kerb နှင့် ရေမြောင်းပေါ်တွင် တည်ဆောက်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ မြို့တော်ဝန်က လမ်းကာတုံးနှင့် ကတ္တရာလမ်းအကြား ရေစီးဆင်းမှုကောင်းစေရန် ပေ ၅၀ ခြား၍ တစ်ပေအကျယ်မြောင်းငယ်များ စနစ်တကျ ဖောက်လုပ်သွားရန်နှင့် ထည့်သွင်းတည်ဆောက်ပေးရေးကို ဖြည့်စွက်မှာကြားခဲ့သည်။ မြောင်းဖုံးများအပြီးတပ်ဆင်ပေးရန်နှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သေသပ်လှပအောင်ဆောင်ရွက်ကြရန် မှာကြားပြီး မြောင်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၂၆ လမ်းမြောက်ဘက်ခြမ်း ၆၂ လမ်းမှ လမ်း၆၀ အထိ ၈ ပေအကျယ် လူသွားလမ်း ပလက်ဖောင်းတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ရေထွက်ပေါက်များအား ၁ ပေအကျယ် သတ်မှတ်အကွာအဝေး ပေ ၅၀ ရောက်တိုင်း စနစ်တကျတိုင်းတာဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့နောက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနလုပ်သားများက ၆၂ လမ်းဘေး ဝဲ၊ ယာရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းနေမှုနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန လုပ်သားများက လမ်းပေါ်သို့ အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများအား အမြင့်တင်ကရိန်းကား၊ သစ်ပင်ဖြတ်စက်များအသုံးပြုကာ အလင်းဖွင့် ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ၆၂ လမ်းနှင့် ၂၆လမ်းဆုံ ချမ်းအေးသာစံမြို့နယ်ဘက်ခြမ်းတွင် ၆၂လမ်းမကြီးအောက်မှ ဖြတ်သန်းစီးဆင်းသည့် ရေနုတ်မြောင်းအတွင်းမှ ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို လမ်းလယ်(Man Hole)လူဝင်ပေါက်နေရာမှ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း၊ လမ်း၃၀နှင့် ၃၂ လမ်းကြားရှိ ရေနီမြောင်းမကြီးအတွင်း မိုးရေများ ဝင်ရောက်နေသော်လည်း ရေစီးဆင်းမှုမရှိတော့၍ အဆိုပါ ရေဆိုးများအား ငွေတစ်ချောင်းမြောင်းမကြီးနှင့် နဒီမြောင်းမကြီးများအတွင်းသို့ စီးဆင်းရေး မြေတိုင်းတာမှုပြုလုပ်တင်ပြရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် မဟာအောင်မြေမြို့နယ်၊ ၆၂လမ်း၊ ၃၆လမ်းမှ ၄၃ လမ်းအကြား မနော်ရမ္မမြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ဗေဒါနှင့် ဒိုက်ပင်များအား စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှု၊ ၃၆လမ်းမှ ၄၁ လမ်းအထိ လူသွားလမ်း ၁၂ ပေ အကျယ် ပလက်ဖောင်း တည်ဆောက်ပြီးစီးမှု၊ လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အပင်ကြီးများ၏ အောက်ခြေ ၁၀ ပေ အမြင့်အတွက် သစ်ကိုင်းသစ်ခက်များ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိ (သင်ကြားရေးဆေးရုံရှေ့) မျက်နှာစာတွင် ပလက်ဖောင်းဘေး ချုံနွယ်ပေါင်းမြက်များအား မြက်ဖြတ်စက်များ အသုံးပြု၍ ရှင်းလင်းနေမှု၊ အပင်ကြီးများအား အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်(မန္တလေး-ပြင်ဦးလွင်)ရထားသံလမ်းတောင်ဘက်ခြမ်း ၆၂ လမ်းမကြီးဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ၆၂ လမ်းမကြီးတစ်လျှောက် ၁၂ လမ်းမှ ၁၃၉ လမ်းအထိ ရေစီးရေလာကောင်းမွန်ရေး၊ ချုံနွယ်များ ရှင်းလင်းရေး၊ အလင်းဖွင့်ခြင်းလုပ်ငန်းနှင့် အမြင်တင့်တယ်မှုမရှိသည့် ဆိုင်းဘုတ်များ၊ ဗိုင်ဖိုင်ကြိုးများ၊ မြင်ကွင်းကွယ်သည့်အရာများ မရှိအောင် ရှင်းလင်းဖယ်ရှားရေးဆောင်ရွက်ရန်ကိစ္စရပ်များကို သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပြီးစီးရေး မှာကြားခဲ့သည်။

အလားတူ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ၆၈ လမ်းတစ်လျှောက် ၁၃၉ လမ်းမှ အမရပူရမြို့နယ်(မြစ်ငယ်-ထုံးဘို)ဖြတ်လမ်းအထိ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လုပ်ငန်းဆောင်ရွက်နေမှုများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများသည် သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀












## မိတ္ထီလာခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး ကိုယ်စား ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေတင့်က ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မတီဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောသည်။ ထို့နောက် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်းရှိ ကလေးသူငယ်များလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သောလူမှုဘဝပတ်ဝန်းကျင်တွင် ကလေးသူငယ်များရရှိသင့်သည့် အခွင့်အရေးများကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၅၃)**

## ဒေါ်လာဈေး ဆက်တိုက်ကျနေချိန်တွင် ဗဟိုဘဏ်က တစ်ဒေါ်လာ ၃၅၀၂ ကျပ်ဖြင့် ဒေါ်လာ ၁၀ သန်းကျော် ထုတ်ရောင်းပေး

ဈေးကွက်အတွင်း၌ ဒေါ်လာဈေးဆက်တိုက်ကျဆင်းနေပြီး ဗဟိုဘဏ်ကလည်း တစ်ဒေါ်လာ ၃၅၀၂ ကျပ်ဖြင့် ဒေါ်လာ ၁၀ သန်းကျော် ထပ်မံထုတ်ရောင်းပေးခဲ့သည်။

ယမန်နေ့ စက်တင်ဘာ ၉ ရက်က ထုတ်ရောင်းပေးခဲ့ခြင်းဖြစ်ပြီး ယွမ်ငွေ ၃ သန်းကျော်နှင့်ထိုင်းဘတ် သန်း ၁၂၀ ကျော်လည်း ထုတ်ရောင်းပေးခဲ့သည်။

FX Market Online Trading မှတစ်ဆင့် အမေရိကန်တစ်ဒေါ်လာလျှင် ၃၅၀၂ ကျပ်နှုန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၀ သန်းကျော်၊ တရုတ်ငွေတစ်ယွမ်လျှင် ၄၉၇ ဒသမ ၃၀ ကျပ်နှုန်းဖြင့် ယွမ် ၃ သန်းကျော်နှင့် ထိုင်းတစ်ဘတ်လျှင် ၁၀၆ ဒသမ ၅ ကျပ်နှုန်းဖြင့် ထိုင်းဘတ်ငွေ ၁၂၁ သန်းကျော်ကို ထုတ်ရောင်းပေးခဲ့သည်။

ဗဟိုဘဏ်အနေဖြင့် ယခုစက်တင်ဘာလ တစ်ပတ်ကျော်အတွင်း နိုင်ငံခြားငွေကို သုံးကြိမ်တိုင်တိုင် ထုတ်ရောင်းပေးခဲ့ပြီး စက်တင်ဘာ ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းနှင့် ထိုင်းဘတ်သန်း ၈၀၊ စက်တင်ဘာလ ၅ ရက်တွင် တစ်ဒေါ်လာ ၃၅၀၂ ကျပ်ဖြင့် ဒေါ်လာ ၉ သန်းနှင့် ထိုင်းဘတ် ၄၅ သန်းကျော် ထုတ်ရောင်းပေးခဲ့သည်။

ယနေ့ ပြင်ပဈေးကွက်တွင် ဒေါ်လာဈေးနှုန်းသည် တစ်ဒေါ်လာ ၅၀၅၀ ကျပ်အထိ ကျဆင်းလာပြီး ရွှေဈေးနှင့်အခြားကုန်ဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာသည်။

ပြီးခဲ့သည့် ဩဂုတ်လတွင် ဈေးကစားသူများ၏ ဈေးဆွဲတင်မှုများကြောင့် ဒေါ်လာဈေးနှုန်းသည် စံချိန်တင်အမြင့်ဆုံးသို့ မြင့်တက်ခဲ့သလို မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းခဲ့ခြင်း ဖြစ်သည်။

အခြေခံကုန်ပစ္စည်းဈေးနှုန်းများ အဆမတန် ဈေးမြင့်တက်မှုကြောင့် အခြေခံလူတန်းစားများ အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဖ)**

၀-၀-၀-၀-၀-၀



## မြန်မာ့ထွက်ကုန် ပဲကြီးများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များကောင်းနေ

**မန္တလေး စက်တင်ဘာ ၁၁**

မြန်မာ့ထွက်ကုန်ပဲကြီးများ မန္တလေးဈေးကွက်အတွင်း၌ ယခုရက်ပိုင်းအတွင်း ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲကြီးများသည် ဈေးကွက်အတွင်းသို့ နယ်စုံဒေသမှဝင်ရောက်လာပြီး အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း၊ ယခုလအတွင်း၌ ပြည်တွင်း၊ ပြည်ပဝယ်လိုအားများကြောင့် ပဲကြီး(အကြီး)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပဲကြီး(အလတ်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲကြီး(အသေး)သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၂၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းများလည်းရရှိနေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ပဲကြီးဈေးဟာ အဓိကမြင့်တက်နေတဲ့ အကြောင်းအရင်းကတော့ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ပဲကြီးက ပြည်တွင်းမှာလည်း မြန်မာလူမျိုးတွေ ကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲအမျိုးအစားဖြစ်တဲ့အပြင် ပဲကြီးကနေ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပဲကြီးလှော်၊ ပဲကြော်ကို ထုတ်လုပ်ပြီး ပြည်ပနိုင်ငံကိုလည်း တင်ပို့မှုတွေရှိနေတယ်။ ပဲကြီးက စတင်ထွက်ရှိချိန်ကတည်းက ဈေးကောင်းရတယ်။ ပဲကြီးက အကြီး၊ အလတ်၊ အသေးဆိုပြီးရှိပါတယ်။ ပဲကြီးက မြန်မာပြည်ရဲ့ မူရင်းမျိုးဖြစ်တယ်။ ပဲကြီးကို နှစ်စဉ် ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချနေရပါတယ်။ ဒါကြောင့်အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်"ဟု ၄င်းက ဆက်လက်ပြောသည်။

ထိုပဲကြီးကို အထက်မြန်မာပြည်ဖြစ်သည့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအနေဖြင့်သာ တစ်ရာသီ ပဲစိုက်ပျိုးလို့ရကြောင်း၊ စပါး၊ ပဲတီစိမ်း၊ အခြားဆီထွက်သီးနှံများကဲ့သို့ သီးထပ်စိုက်လို့မရကြောင်း၊ မိုးများဒေသများဖြစ်သည့် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပဲကြီးကို စိုက်ပျိုးမှုနည်းပါးကြောင်း၊ ပဲကြီးကို ပြည်တွင်းစားသုံးမှုများနှင့်အတူ ပြည်ပကိုလည်း နိုင်ငံခြားဝင်ငွေအဖြစ် ရရှိအောင် လုပ်နိုင်သည့်အတွက် တစ်နှစ်ထက်တစ်နှစ် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၃)**





## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစောလှမောင်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းများ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မှန်ကန်စွာ ဖြေဆိုရမည့် အချက်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးအရာရှိ ဦးစောလှမောင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

## ကျေးရွာသုံးရွာအတွက် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာတစ်ရွာနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၉ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကြံဖိုစုကျေးရွာအား ငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ရန်အောင်ကျေးရွာနှင့် သပြေစမ်းကျေးရွာမှ ကျေးရွာကော်မတီဝင်များထံ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀စီဖြင့် စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၆၀၀ကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ ဇေယျာသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စီမံကိန်းဝင် ကျေးရွာသုံးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ကိုးဦး တက်ရောက်ကြကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံက သိရသည်။

**နော်လူး**



## အဓိကလမ်းကြီးများ လမ်းသားချဲ့၍ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ကားကြီးကွင်းဖြတ်လမ်း ရတနာပုံလမ်းမှ နှစ်(၇၀၀)ပြည်သူ့အားကစားကွင်း လမ်းဆုံအထိ လမ်းသားချဲ့၍ အခြေခံအလွှာပြုပြင်ခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"စစ်ကိုင်းမြို့ပေါ်က ကားကြီးကွင်းဖြတ်လမ်း၊ ရွှေမင်းဝံလမ်း၊ ထူပါရုံလမ်းနဲ့ မင်းလမ်းရပ်ကွက်က ဇေယျာမန်းလမ်းတွေကို လမ်းသားချဲ့ပြီး အခြေခံအလွှာပြုပြင်တာနဲ့ နိုင်လွန်ကတ္တရာလမ်းခင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

စစ်ကိုင်းမြို့၊ ကားကြီးကွင်းဖြတ်လမ်း ရတနာပုံလမ်းမှ နှစ်(၇၀၀)ပြည်သူ့အားကစားကွင်းလမ်းဆုံအထိ လမ်းသားချဲ့၍ အခြေခံအလွှာပြုပြင်ခြင်းနှင့်နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ လာရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့အပြင် စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်ရှိ မြို့သစ်ရေဆိုးထုတ်ကန် ကျောက်စီရေဆိုးထုတ်မြောင်း ဆောင်ရွက်မည့်လုပ်ငန်းသို့ ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်စစ်ဆေးပြီး ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကျန်းမာစွာ နေထိုင်နိုင်ရေးနှင့် သန့်ရှင်းသောလေရရှိစေရေးအတွက် လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၉၄)**



## စားသုံးဆီအား ပြည်သူများထံသို့ ရောင်းချပေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စားသုံးဆီများရောင်းချရာတွင် ပြည်သူများ အခက်အခဲမရှိစေရေးနှင့် အိမ်ထောင်စုတိုင်း ဝယ်ယူနိုင်ရေးအတွက် ပြည်သူများအား အိမ်ထောင်စုအလိုက် စားသုံးဆီ ဝယ်ယူခွင့် စာအုပ်များ ကြိုတင်ပေးထားပြီး ယနေ့ နံနက် ၉ နာရီ က မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံရောင်းဝယ်ရေး ကုန်စုံဆိုင်၌ ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆင်ပေါင်ဝဲမြို့ပေါ် ရပ်ကွက်တွင် နေထိုင်လျက်ရှိသော ပြည်သူများကို အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာနှုန်းဖြင့် ကာလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀နှုန်းဖြင့် ဗုဒ္ဓဟူးနေ့တိုင်း စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

## နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်နည်းသင်တန်း ဖွင့်လှစ်

**ပျော်ဘွယ် စက်တင်ဘာ ၁၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးဆောင်၍ နွားနှင့်ဆိတ် မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး၊ မေထုန်မဲ့ သားစပ်ကျွမ်းကျင်သူ အရေအတွက် တိုးပွားစေရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေးတို့ကိုရည်ရွယ်၍ နွားနှင့်ဆိတ်မေထုန်မဲ့ သားစပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက နိုင်ငံတော်အနေဖြင့် မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း သင်တန်းသားများအနေဖြင့် စာတွေ့၊ လက်တွေ့ပို့ချသည့် သင်ခန်းစာများကို သေချာစွာ လေ့လာသင်ယူပြီး မိမိဒေသအတွက် အကျိုးပြုသောသူများ ဖြစ်လာရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးက ယခုဖွင့်လှစ်သည့်သင်တန်းသည် ဒေသခံပြည်သူများအတွက် များစွာ အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ သင်ကြားပို့ချမှုနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးနိုင်ပါကြောင်း၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သူများဖြစ်လာရန် လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွမ်းကျင်သူများက သင်ထောက်ကူပစ္စည်းများအသုံးပြု၍ စာတွေ့၊ လက်တွေ့ ပို့ချသွားမည်ဖြစ်ကာ ပျော်ဘွယ်မြို့နယ်တွင် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ရမည်းသင်းမြို့နယ်တွင် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်မှုအနေဖြင့် ပျော်ဘွယ်မြို့နယ်တွင် သင်တန်းသား ၂၅ ဦး၊ ရမည်းသင်းမြို့နယ်တွင် သင်တန်းသား ၁၅ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



## အိန္ဒိယနိုင်ငံဈေးကွက်၌ ပဲစင်းငုံဈေးနှုန်းများ မြင့်တက်လာနိုင်

အိန္ဒိယပြည်တွင်းဈေးကွက်တွင် မကြာသေးမီကာလ၌ ပဲစင်းငုံဈေးနှုန်းများ အတန်အသင့်လျှော့ကျခဲ့သော်လည်း ပြည်ပမှ တင်သွင်းနိုင်မှု လျော့နည်းနိုင်ခြင်း၊ လာမည့် ပွဲတော်ရာသီကာလ၌ ဝယ်လိုအား မြင့်တက်လာခြင်းတို့က ပဲစင်းငုံဈေးနှုန်းကို မြင့်တက်လာစေနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သတင်းကို အိန္ဒိယသတင်းဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။

လာမည့် ပွဲတော်ရာသီတွင် ဝယ်လိုအားကြောင့် ဈေးနှုန်းများ အမြင့်ဘက်သို့ ဦးတည်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ပဲစင်းငုံ ပမာဏအမြောက်အမြားကို တင်သွင်းနိုင်သည့် နိုင်ငံမရှိကြောင်းကို အိန္ဒိယနိုင်ငံ စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

အိန္ဒိယ၏ ပြည်တွင်းပဲစင်းငုံ ထုတ်လုပ်နိုင်သည့် ပမာဏထက် ပြည်တွင်းစားသုံးမှုက ပိုမိုများပြားနေခြင်းကြောင့် ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။

အိန္ဒိယအစိုးရ၏ တတိယအကြိမ် သီးနှံအထွက် ခန့်မှန်းချက်အရ ၂၀၂၃-၂၀၂၄ စိုက်ပျိုးရေးနှစ် ဇွန်၊ ဇူလိုင်အတွင်း စုစုပေါင်းတန်ချိန် ၃ ဒသမ ၄ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး တစ်နိုင်ငံလုံး ပျမ်းမျှစားသုံးမှုသည် တန်ချိန် ၄ ဒသမ ၅ သန်း ရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ စုစုပေါင်းစားသုံးမှု ပမာဏအနက် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သုံးလကာလအတွင်း ပွဲတော်ရာသီတွင် ဝယ်လိုအားအတွက် ပဲစင်းငုံတန်ချိန် ၉၀၀၀၀၀ခန့် လိုအပ်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ပဲစင်းငုံစားသုံးမှု အမြင့်မားဆုံးကာလဖြစ်ပြီး ပျမ်းမျှအားဖြင့် တန်ချိန် ၉-၁၂သိန်းကြား သုံးစွဲလေ့ရှိသည်။

ပဲစင်းငုံဈေးများသည် ယခင်နှစ် ဇွန်လမှ စတင်၍အမြင့်ဈေးဖြင့် ရောင်းဝယ်လျက်ရှိခဲ့ရာ အိန္ဒိယစားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်များအရ ပဲစင်းငုံခွဲခြမ်း လက်လီဈေးနှုန်းသည် စက်တင်ဘာ ၁ရက်တွင် ၁ ကီလိုဂရမ်လျှင် ၁၆၃ ဒသမ ၈၁ ရူပီးနှုန်းရှိခဲ့ပြီး ယခင်နှစ်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အိန္ဒိယ၌ ပဲစင်းငုံဈေးနှုန်းကျဆင်းမှုကာလမှာ ကာလတိုသာဖြစ်ပြီး မြန်မာနိုင်ငံ၏ ငွေတန်ဖိုးကျဆင်းမှုအရ မြန်မာနိုင်ငံမှ ဈေးနှုန်းသက်သာစွာဖြင့် တင်သွင်းနိုင်ခြင်းကြောင့် ပဲဈေးနှုန်းများ လျော့နည်းသက်သာခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၌ ပဲစင်းငုံလက်ကျန် ကုန်တော့မည်ဖြစ်ရာ အခြားနိုင်ငံများမှ ဝယ်ယူရန် ရှာဖွေလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် မိုဇမ်ဘစ်၊ မာလာဝီ ဆူဒန်၊ တန်ဇန်နီးယားနိုင်ငံတို့မှ အဓိက တင်သွင်းလျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးသော မိုးသီးနှံ၌ ပဲစင်းငုံစိုက်ဧက တိုးချဲ့စိုက်ပျိုးထားသော်လည်း အဓိကစိုက်ပျိုးသော ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လာမည့် ရိတ်သိမ်းရာသီတွင် အထွက်နှုန်း လျော့ကျနိုင်မည့် အခြေအနေများ ရှိနေသည်။

ထို့ကြောင့် လာမည့် ပဲပေါ်ရာသီတွင် အိန္ဒိယ၏ ပဲစင်းငုံဈေးနှုန်းများသည် အခြေခံရည်ညွှန်းဈေး ၁၀၀ ကီလိုဂရမ်တွင် ၇၅၅၀ ရူပီး၏အထက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**ရွှေမန်း**





# ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

**ပျဉ်းမနား စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်က ဝန်ထမ်းများ ကွန်ပျူတာအခြေခံ အချက်အလက်များကို နားလည်တတ်မြောက်စေရန်၊ အခြေခံမှစ၍ ကျွမ်းကျင်အဆင့်အထိ ဆက်လက်လေ့လာသွားကြရန် ကွန်ပျူတာနှင့်ဆက်စပ်သော ရုံးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)က သင်တန်း စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# မဟာအောင်မြေမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မဟာအောင်မြေ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ယနေ့နံနက် ၉ နာရီက လိုရာပြည့်စုံရန်မျိုးလုံ ပေါ်တော်မူမြတ်စွာဘုရားငါးဆူ ဘုရားဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အမှတ်(၁)ရဲကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ၊ ရဲကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)ခေတ္တတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဦးအောင်ကျော်ဦးနှင့် ဒုရဲမှူး ဦးရဲဝင်းတို့က ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ လိုရာပြည့်စုံရန်မျိုးလုံ ပေါ်တော်မူမြတ်စွာဘုရားငါးဆူမှ ဂေါပကအဖွဲ့ဝင်များ စုစုပေါင်း ၃၈ ဦးဖြင့် သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၅၆)**



# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**မကွေး စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး အစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာ၌ ကျောင်းသားလူငယ်များအား စာဖတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းပြီး ကျင်းပဆောင်ရွက်မည်ဖြစ်၍ ကော်မတီအလိုက်ပါဝင်သည့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပြုလုပ်နိုင်ရေး ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ဇော်ထက်(သရက်)**



ပတ်စရော၊ မှတ်စရော
စုံလင်
မန္တလေး

## ပတ်ဝန်းကျင်ကောင်းနဲ့ အနာဂတ်

\- - - - - - - - - - - - - - -

* ဖြူစိမ်းဝတ်နဲ့ လူမမယ်
သားငယ်သမီးငယ်
ကျောင်းတက်ရွယ် ။

* ပညာရေးမယ် သူတို့ခရီး
တို့ကျောင်းတော်က အရိပ်ကြီး ။

* အတုမြင်ကာ တတ်သင်တာ
သူတို့ဝန်းကျင် ကျောင်းခန်းပါ
ဆရာ၊ ဆရာမ သင်ဆုံးမ
မူရာစရိုက် စံဖြစ်မှ ။

* အလိုက်ဘာသာ တုယူကာ
နောင်ဝယ်လူကြီး အကျင့်ပါ
သွေမကွာလေ မျိုးချစ်မှ
ကျောင်းတော်အမွေ မြတ်အလှ ။

* ကျောင်းတော်ကြီးနဲ့ ဝေးခဲ့ပြီ
နယ်ပယ်စုံကြ အရပ်ရပ်ဆီ
တို့ပြည်တို့တိုင်း စည်ပင်ဖြိုး
ပျိုးပါတို့များ တုယူကျိုး ။ ။

ရေးချယ်း-မန်း

# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကံမ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ မြို့နယ်စည်ပင်သာယာ မြို့မဈေးနှင့် လူစည်ကားရာနေရာများတွင် ပြည်သူများအား မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၉ ရက် နံနက် ၈နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဖြန့်ဝေသော အသိပညာပေး လက်ကမ်းစာစောင်တွင် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ၏ ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ ဖော်ပြပါရှိပြီး ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့၍ ကုသမှုကို ခံယူရန် အသိပညာပေး ရေးသားဖော်ပြထားကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## သတင်းပဒေသာ

### ဗလငါးတန်ဖြင့် ပြည့်စုံစေရန် လူငယ်စကားဝိုင်း ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖြင့် ပြည့်စုံစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဖအိုင်း)တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်း ဆွေးနွေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ ပူးပေါင်း၍ စာရေးဆရာ ဇန်မော်တင်အောင်ရေးသားသည့် "ငြေ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးစာဖတ်ခန်း၌ ရုပ်ပုံပြပုံပြင်ဖတ်ပြခြင်း ပြုလုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက အဆိုပါရုံးရှိ ကလေးစာဖတ်ခန်း၌ ရုပ်ပုံပြပုံပြင်ဖတ်ပြခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ မြို့နယ်ဝန်ထမ်းပေါင်းစုငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို အခြေခံပညာအထက်တန်းကျောင်း မြရတနာဆောင်တွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီခွဲက တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် ကုလားပဲများအား ထပ်ဆင့်လှူဒါန်းပွဲ ပြုလုပ်

**အမရပူရ စက်တင်ဘာ ၁၁**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ ကြီးမှူးကျင်းပပြုလုပ်သော အမရပူရမြို့အတွင်းရှိ ဝါဆို၊ ဝါကပ်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်းဆန်စိမ်း၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ ထပ်ဆင့်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်က ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲကို တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တအဂ္ဂညာဏ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ဆရာတော်ကြီး(၅)ပါး ထံသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အမရပူရမြို့နယ်အတွင်း ဝါဆိုတော်မူကြကုန်သော သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၆၁၄၅ ပါးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က လှူဒါန်းသော ဆန် ၂၄ ပြည်ဝင် အိတ် (၅၁၂ ဒသမ ၀၈)အိတ်၊ ဆီ ၁၀ ပိဿာဝင်ပုံး ၁၅၄ပုံး၊ ကြက်သွန်နီ ၃၀ ပိဿာဝင်အိတ် ၅၁ အိတ် ၆ ပိဿာ၊ ကုလားပဲ ၃၀ ပိဿာဝင်အိတ် (၅၁)အိတ် ၆ ပိဿာ ကာလတန်ဖိုး ငွေကျပ်သိန်း ၇၆၃၀၀၄၁၇ တို့အား ရေစက်သွန်းချဆက်ကပ်လှူဒါန်းခဲ့သည်။



အဆိုပါ လှူဒါန်းခဲ့သော ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် ကုလားပဲများကို အမရပူရမြို့နယ်အတွင်း ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်၊ သီလရှင်တို့အတွက် ကျောင်းတိုက်အလိုက်ရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေမှုကို အမရပူရမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အနီးကပ်ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကုန်တင်ကုန်ချမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**စိုးသီဟ(အမရ)**

# ပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေး အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရား နှစ်ကျိပ်ရှစ်ဆူစမ္မာရုံ မြေညီထပ်တွင် စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီ (၃၆)ကြိမ်မြောက် နေ့ ည အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကိုကျင်းပရာ အောင်တော်မူဘုရားဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဋ္ဌာန်းကြီးကြပ်နာယကဆရာတော်ကြီးများ၊ ပဋ္ဌာန(ဘာဏက)ဆရာတော်၊ သံဃာတော်များ စုစုပေါင်း ၅၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဓမ္မစကြဝတ်အသင်းသူများ၊ ဝေယျာဝစ္စအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအမှူးပြုသော ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် သြဝါဒါစရိယ မိုးကောင်းတိုက် ရတနာသီရိဒိုက်ဦးကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသ ဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အောင်တော်မူဓမ္မစကြဝတ်အသင်းသူများက ရှစ်လုံးဘွဲ့ သံဆန်းကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြပြီးနောက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ထို့နောက် သြဝါဒါစရိယ (အောင်တော်မူဘုရားရေတော်ဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒသာရာလင်္ကာရာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

၄င်းနောက် သြဝါဒါစရိယ လယ်ကိုင်းတိုက်၊ သုခကာရီကျောင်း ဆရာတော် ဘဒ္ဒန္တသုမနက အောင်ဂါထာတော်ကိုလည်းကောင်း၊ မာရ်အောင်တိုက်စံပါယ်ရုံကျောင်း မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကစ္စာယနဆရာတော်က နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်တော်မူပြီး "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာတော်မြတ်ကြီးအား သုံးခေါက်ညီညာဖျဖျရွတ်ဆိုကြပြီး အခမ်းအနားကို အောင်မြင်စွာဖြင့် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ် ၁)**



# ဦးပွားဆုတောင်းပြည့်ဘုရားကြီး သီလကန်တော့ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရားတွင် ဝါတွင်းကာလ သီလကန်တော့ပွဲ ကုသိုလ်ရှင် မန္တလေး၊ ၈၃လမ်းနှင့်၈၄လမ်းကြား၊ ၃၄လမ်းနေ ဒေါ်သန်းသန်းဦး၊ ဒေါ်အိအိသွယ် အစ်မများအား အမှူးထား၍ ဦးပွားဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး(၃) ဦးထွန်းနိုင်ဦး၊ ဇနီး ဒေါ်ယုအောင်၊ (သား)မောင်သန့်ထက်အောင်၊ (သမီး) မချမ်းမြစံ၊ မသဲရွှေရည်စံ (ဖြူသန့်ရတနာရွှေဆိုင်)မိသားစုတို့က စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ သီလကန်တော့ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသီရိ(မဟာသဒ္ဓမ္မဇောတိက ဓဇ)က အလှူရှင်နှင့် ပရိသတ်တို့အား ရှစ်ပါးသီလ ချီးမြှင့်တော်မူပြီးနောက် အလှူရှင်မိသားစုတို့က သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ လှူဒါန်းမှု အစုစုအား ရေစက်သွန်းချ အမျှအတန်း ပေးဝေကြသည်။

အဆိုပါအခမ်းအနားသို့ ဦးပွားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ အတွင်းရေးမှူး(၁)ဦးထွန်းလင်း၊ အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုနှင့် ဥပုသ်သည်များ တက်ရောက်ကြကြောင်း သိရသည်။ **(၀၄၆)**

# တာဝန်ထမ်းကြသည် ဆိုရာဝယ်

နိုင်ဗလ

၂၅-၈-၂၀၂၄ စာမျက်နှာ (၁၇)မှအဆက်

ယနေ့ မိုးကရွာသည် တစိမ့်စိမ့်ဖြင့် တစ်နေကုန်ရွာသည်။ စိုက်ပြီးခဲ့သော အပင်တို့အနီးမှ ပေါင်းများသင်သည်။ ကရွတ်ခွေကြသည်။ (ကရွတ်ခွေသည်ဆိုသည်မှာ စိုက်ပျိုးထားသည့် အပင်ခြေရင်းတွင် မြေဆွ၍ အစိုဓာတ်ထိန်းရန် မြက်ခြောက်၊သစ်ရွက်ခြောက်များဖြင့် လိပ်ခွေထားခြင်းဖြစ်သည်။ အစိုဓာတ်လည်းထိန်းသည်။ ဆွေးသွားလျှင်လည်း မြေသြဇာဖြစ်သွားမည်။) သွက်သွက်လက်လက်လှုပ်ရှားကြသည်။ သွေးပူစေရန် နှုတ်မှလည်း အော်ဟစ်သီချင်းဆိုကြသည်။ အလုပ်များက ပြီးလုပြီ။ တစ်ကိုယ်လုံးလည်း မိုးရေဖြင့် စိုရွှဲနေကြသည်။ ခွဲမှူးထံမှ ခရာသံကြားရသည်။ နားချိန်ရောက်ပြီ။ ရှေ့ကုန်းလျှောထိပ်တွင် သစ်ငုတ်တိုတစ်ပင်ရှိသည်။ လမ်းလျှောက်ရင်း တက်ခဲ့သည်။ လူကသိပ်နေ၍ မကောင်း၊ နက်ဖန် စခန်းသိမ်းပွဲလုပ်မည်ဖြစ်၍ စိတ်မကောင်းခြင်းနှင့် လွမ်းဆွတ်ခြင်းတို့ တစ်ပြိုင်တည်းခံစားနေရသည်။ ကုန်းလျှောထိပ်မှ နောက်သို့ ကြည့်မိသည်။ မိန်းကလေးများက စု၍ ထိုင်နားနေကြသည်။ ယောကျ်ားလေးတစ်ဖွဲ့က ပျားဖွပ်ရန် ချုံတိုးနေကြသည်။ ကိုစောအောင်နှင့် လှသူက ကျွန်တော်တက်သော ကုန်းထိပ်သို့ လိုက်တက်လာသည်ကို တွေ့ရသည်။ တပ်ခွဲနှစ်ခု၏အလံကို သုံးနာရီတွင် တွေ့ရသည်။ အခြားအလံများက တောနှင့်ကွယ်နေ၏။ ဓားရှည်ကို အောက်ချလိုက်ပြီး ခါးမှ ဓားမြှောင်ကို ထုတ်၍ သစ်ငုတ်တိုအား အနီးမှတစ်လှည့် အဝေးမှတစ်လှည့် အားဖြင့် ပစ်စိုက်၊ အောက်မှ လွှဲပစ်ဖြင့် ပစ်နည်းမျိုးစုံဖြင့် ပစ်ရင်း၊ လက်တည့်စမ်းရင်း၊ စိတ်ကို ငြိမ်အောင်ထားနေရသည်။ လှသူက ဓားရှည်ဖြင့် သိုင်းပြောင်းပြန် ဓားရေးပြကစားကာ သွေးပူအောင်လုပ်နေသည်။ ဗလကြီး ကိုစောအောင်က ငုတ်တုတ်ထိုင်ရင်း ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်နေသည်။ စကားမပြောဖြစ်ကြ။

မိန်းကလေးအဖွဲ့ထဲမှ မချိုတူးက လှမ်းအော်သည်။ "ခွဲ-၂ အဖွဲ့တွေ အနားစုကြရအောင်ဟေ့"တဲ့။ သစ်ငုတ်တိုမှ ဓားမြှောင်ကို ဆွဲနုတ်ပြီး အောက်သို့ ဆင်းခဲ့ကြသည်။ အားလုံးဝိုင်းဖွဲ့ထိုင်ကြသည်။ မဖြူက ပြောသည်။ နက်ဖန် အားလုံးပြန်ကြရတော့မှာနော်တဲ့ - - -။ သူ့စကားနောက် ဘယ်သူမှ စကားမပြော။ မျက်နှာမကောင်းစွာနှင့် တိတ်ဆိတ်နေကြသည်။ မချိုဦးက အိမ်ပြန်ရောက်ရင် လူစုပြီး ခဏခဏတစ်အိမ်တက်ဆင်းလည်ကြ၊ ဆုံကြမယ်လို့ ပြောတော့ အားလုံးလက်ထောင်ပြီး အသိအမှတ်ပြုသည်။ တပ်ခွဲမှူး မသန်းသန်းနွဲ့က အားလုံးစိတ်မကောင်းဖြစ်နေသည်ကို အာရုံလွှဲရန် ကဲ ဟေ့ မိုးလုံးမှိုင်းသီချင်းဆိုရအောင်ဟု ပြောရာ အလုပ်ခွင်ထဲယူလာပြီး သစ်ပင်တွင် ချိတ်ထားသော ဂစ်တာကို မိုက်ကယ်ဝင်းက သွားယူပြီး တီးခတ်ကာ မိုးလုံးမှိုင်းသီချင်းကို ဝိုင်းဆိုကြသည်။ ပြီးတော့ ငယ်သူမို့သီချင်း၊ ခဏနေတော့ ရွာသား မောင်တိုးက သူကိုယ်တိုင် စပ်ထားတဲ့ မိုနီ သီချင်းကို လွမ်းစရာကောင်းအောင် ဆိုပါတော့တယ်။

"ကျွဲနဖားတောင်ခြေ - - - လူငယ်စခန်းက လွမ်းစရာ ပုံပြင်လေးတွေ - - - ဟိုတစ်ခါ သူလာပေးလို့ အော်တိုလေးတော့ ရေးမိပါတယ်လေ။ သူတစ်ယောက်အမှတ်ရပါစေ - -" အစချီတဲ့သီချင်းကို အားလုံး နားထောင်ရင်း မျက်ရည်တဝဲဝဲ - - တစ်ယောက်တစ်လှည့်ပြောကြ၊ ဆိုကြ၊ ငိုကြရင်း ကိုယ့်အလှည့် ရောက်ခဲ့သည်။

ကဗျာမပီသော ကဗျာတစ်ပုဒ် လက်တန်းရွတ်ဖြစ်ခဲ့သည်။ ခေါင်းစဉ်နှင့် အပိုဒ်တော်တော်များများ မမှတ်မိတော့ - - -

* မခင် ခင်က
ပြောမရ တွင်တွင်
ကျောပြန်လျှင်လည်း
ချက်ခြင်းတုန့်ပြန်ချင်
ဒေါသ မာန်ထ
ကြမ်းတမ်းရုပ်မှာထင်။

* ကြာလာတော့လည်း
ဖြစ်ပေါ်သံယောဇဉ်
ရဲဘော်ရဲဘက်
မောင်နှမအသွင်
တစ်နေ့တခြား
တိုးပွားချစ်ချစ်ခင်။

* စိမ့်မြိုင်မြူကြား
ခွဲခြားမထင်
တို့လူငယ်များ
စွမ်းအားသန်လျှင်
နိုင်ငံအကျိုး
တိုးလို့ ဆောင်ရွက်ချင် ။

ကျွန်တော်ကဗျာရွတ်ပြီးတော့ လှသူက ရှမ်းရိုးမက အိုးစည်သံသီချင်းနှင့် ဓားသိုင်းကပြရင်း နှုတ်ဆက်ခဲ့သည်။

ထို့နေ့က နားချိန်များတွင် တစ်လှည့်စီသီချင်းဆိုကြ၊ ကဗျာရွတ်ကြ၊ ကပြကြဖြင့် အချိန်ကို ကုန်ဆုံးစေခဲ့သည်။ ညပိုင်းတွင်လည်း မအိပ်ဖြစ်ကြ၊ ဝိုင်းဖွဲ့စကားပြောကြ၊ အဆောင်ရှေ့တွင် ဂစ်တာတီးရင်း သီချင်းဆိုကြဖြင့် မိုးလင်းခဲ့သည်။ စခန်းမှူးကလည်း သူ၏အဆောင်ရှေ့ထွက်၍ ရေနွေးကြမ်းသောက်ရင်း နားထောင်နေသည်။ သူလည်း မအိပ်။ ထုံးစံအတိုင်း မနက် ၄ နာရီတွင် သွေးပူလေ့ကျင့်ခန်းလုပ်ပြီး ရေချိုး၊ ယူနီဖောင်းအပြည့်အစုံဝတ်၊ အိပ်ရာလိပ်နှင့် ပစ္စည်းများအားလုံး စနစ်တကျ သိမ်းပြီးသည်နှင့် အဆောင်ရှေ့ကွက်လပ်တွင် မှိုင်းညို့သည့် ရှမ်းရိုးမတောင်တန်းကို မျက်နှာမူ၍ ထိုင်သည်။ မကြာမီ ရောင်နီလာတော့မည်။ ကျေးငှက်အချို့နှင့် တောသတ္တဝါလေးများ၏ အော်မြည်သံပင် ကြားနေရသည်။ မေတ္တာသုတ်နှင့် ပရိတ်တော်အချို့ ရွတ်နေမိသည်။ ရိုးမဆီမှ အရုဏ်ဦး အလင်းရောင်တဖြည်းဖြည်း ဖြာကျလာသည်။ ထွက်ပေါ်လာသည့် နေမင်းကို စူးစိုက်ကြည့်ရင်း ပရိတ်တော်များ ရွတ်ဖတ်ခြင်းကို ရပ်နားလိုက်သည်။ သူငယ်ချင်းများလည်း လှုပ်လှုပ်ရှားရှားဖြင့် ပြင်ဆင်နေကြသည်။ တန်းစီကွင်းသို့ သူငယ်ချင်း လှသူနှင့် လမ်းလျှောက်ထွက်ခဲ့သည်။ တင့်တယ်လှသော နိုင်ငံတော်အလံ ဘေးတစ်ဖက်တစ်ချက်တွင် ကုလသမဂ္ဂက သတ်မှတ်ပေးထားသည့် အပြည်ပြည်ဆိုင်ရာလူငယ်များနှစ် အထိမ်းအမှတ်လိုဂိုကို အပြာရောင်ဖြင့် ရိုက်နှိပ်ထားသည့် အဖြူရောင်အလံနှင့် သစ်တောတံဆိပ်အလံ၊ ရောင်စုံအလံများဖြင့် ဝင့်ကြွားတင့်တယ်လှသည်။ ဟောပြောစင်မြင့်နှင့် တန်းစီ၍ မှတ်တမ်းဓာတ်ပုံရိုက်ရန် ပြင်ဆင်ထားသည်။ အရှေ့ဆီတွင် ညို့မှိုင်းသောရိုးမ၊ ညာဘက်တွင် ရေစီးသန်လှသော ဒုဋ္ဌဝတီမြစ်နှင့် လျှိုများခြားထားသော သီးခြားစီ၊ တစ်ခုစီ အိပ်ဆောင်တဲ တန်းလျားများကို လွမ်းဆွတ်စွာ ကြည့်မိသည်။ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်လမ်းမကြီးထိ အပြန်လမ်းလုံခြုံရေးယူရန် ထွက်ခွာသွားကြသည်ကို တွေ့ရသည်။

စခန်းဝင်နေစဉ် အတွေ့အကြုံများထဲမှ သတိအရဆုံးနှင့် မမေ့နိုင်ဆုံး အဖြစ်အပျက်ကလေးများရှိသည်။ မိုးကြီး၍ ရိက္ခာပြတ်တောက်သဖြင့် ခွဲတန်းချ စားသောက်ရစဉ် အမေတ၍ ငိုကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလူငယ်များကို ကြည့်၍ စိတ်လည်းမကောင်း၊ ရယ်လည်း ရယ်ချင်ဖြစ်ခဲ့ရသော အဖြစ်၊ စပါးကြီးမြွေပေါက်စကလေးများ ကွင်းပြင်ထဲတွင် အများကြီးတွေ့ရသဖြင့် လမ်းမလျှောက်ရဲခဲ့သောအဖြစ်၊ ဝါးတောထဲမှ ပေါင်လုံးခန့် စပါးကြီးမြွေကြီး လျှောကနဲအထွက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့သောအဖြစ်၊ တစ်ကိုယ်လုံး ပျားကြီးများ အအုံခံရသောအဖြစ်၊ ပဒူကောင် အတုပ်ခံရသဖြင့် ဖျားခဲ့ရသောအဖြစ်တို့သည် တက္ကသိုလ်စီမံကိန်းဝင်လူငယ်ဘဝ၏ မမေ့နိုင်သော အဖြစ်အပျက်များပါပေ။

သူငယ်ချင်းနှစ်ဦး တန်းစီကွင်းတွင် စကားတပြောပြောနှင့် လမ်းလျှောက်နေစဉ် အမျိုးသမီးတပ်ခွဲ၊ အမျိုးသားတပ်ခွဲတို့မှ ရဲဘော်များ တဖြည်းဖြည်း စုလာသည်။ မှတ်တမ်းစာအုပ်များ ယူလာကြပြီး လိပ်စာမှတ်ကြ၊ အမှတ်တရစာများရေးကြဖြင့် လှုပ်လှုပ်ရှားရှား၊ မျက်ရည်ကျသူက ကျ၊ စနောက်သူက စနောက်ဖြင့် နှုတ်ဆက်နေကြသည်။

စခန်းရုံးမှ ခရာမှုတ်သံကြားရသည်။ တပ်ခွဲအလိုက် တန်းစီကြသည်။ စခန်းမှူးရောက်ရှိလာသည်။ နိုင်ငံတော်အလံအား အလေးပြု၍ သစ္စာဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ပြီးလျှင် စခန်းသိမ်းမိန့်ခွန်းကို စခန်းမှူးကပြောသည်။ ဤစခန်းဖွင့်ရခြင်းမှာ ယခု ၁၉၈၅ ခုနှစ်ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာလူငယ်နှစ်ဟု သတ်မှတ်ထားကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတော်၏ အစီအစဉ်ဖြင့် အကျိုးပြုလုပ်ငန်းလုပ်ကိုင်ရန် စခန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပဲခူး၊ မာဂရီသစ်တောစိုက်ခင်းနှင့် ၃း၁း၃ ဧးထုံးဘိုသစ်တောစိုက်ခင်း လုပ်အားပေးစခန်းနှစ်ခုကို မြန်မာနိုင်ငံအနေနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်လူငယ်များအတွက် ကမ္ဘာကြီးကို ပိုမိုသာယာပြီး ရာသီဥတုမျှတစေရန် သစ်တောစိုက်ခင်းများကို တစ်ကမ္ဘာလုံးအစီအစဉ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ရဲဘော်တို့၏ ကျောင်းပိတ်ရက် အားလပ်ချိန်တွင် နားမနေဘဲ ကမ္ဘာကြီးအတွက်၊ နိုင်ငံတော်အတွက် ပင်ပန်းဆင်းရဲခံကာ လုပ်အားပေးလှူသည့် စီမံကိန်းဝင်လူငယ်များအဖြစ် ခံယူဆောင်ရွက်ကြသည်ကို မှတ်တမ်းတင်ဂုဏ်ယူမိကြောင်း၊ အနာဂတ်တွင် တိုင်းပြည်အကျိုးသယ်ပိုးနိုင်သော လူငယ်မောင်မယ်များအဖြစ် မြင်တွေ့လိုကြောင်း ပြောကြားနိဂုံးချုပ်ခဲ့သည်။ ထို့နောက် ဂုဏ်ပြုလက်မှတ်များ ပေးအပ်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

နံနက်စာ စားရင်း လာကြိုမည့် မော်တော်ယာဉ်များကို မျှော်ရသည်။ မနေ့က မိုးဆက်တိုက်ရွာသည်။ ယနေ့တွင် မိုးအုံ့သော်လည်း မိုးမရွာ၊ လာကြိုမည့် ယာဉ်များက နောက်ကျသည်။ မော်တော်ယာဉ်တစ်စီး ရွှံ့အလူးလူးဖြင့် ရောက်လာသည်။ အခြားကားများ လမ်းတွင် ချော်နေ၊ နစ်နေသည်ဟု ပြောသဖြင့် လေးပင်သောပစ္စည်းများကို ကားပေါ်စုတင်၍ အားလုံး ကားလမ်းမှ လမ်းလျှောက်ထွက်ကြမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။ ပစ္စည်းတင်သောကားကို ရှေ့မှမောင်းထွက်စေပြီး နောက်မှ လမ်းလျှောက်လိုက်ကြသည်။ မော်တော်ယာဉ် နွံနစ်၊ ဘီးချော်လျှင် ဝိုင်း၍ တွန်းတင်ကြသည်။ တပ်ခွဲလိုက် တောစပ်မှတိုးရင်း ကတ္တရာလမ်းရောက်အောင် ချီတက်ရသည်။ လမ်းတွင် နွံနစ်နေသည့် လာကြိုသော မော်တော်ယာဉ်များကို လူအားဖြင့် တွန်းရွှေ့ ရွှေ့လျားစေရသည်။ လာကြိုသော မော်တော်ယာဉ်များက ကျွန်တော်တို့ကို ပြန်စီးနေသည်။ ဤသို့ဖြင့် ရွှံ့အလူးလူးဖြင့် ပေပွညစ်ပတ်နေပြီး တောထဲမှ မော်တော်ယာဉ်များ တွန်းထုတ်လာသော မီးခိုးရင့်ရောင်ယူနီဖောင်းနှင့် တပ်ခွဲများ၊ ကတ္တရာလမ်းမကြီးပေါ် ရောက်သော် ဖြတ်သန်းသွားသော မော်တော်ယာဉ်များက အံ့သြတကြီး ကြည့်သွားကြသည်။ မော်တော်ယာဉ်များ စုံပြီးသောအခါ တန်းစီလူစစ်၍ အနီးစပ်ဆုံးမော်တော်ယာဉ်ကို စီစဉ်ကာ မန္တလေးဘက်သို့ ပြန်ခဲ့ကြသည်။ မိုးကလည်း ဆိုင်းမဆင့်၊ ဗုံမဆင့် ရွာသွန်းချလိုက်သည်မှာ မစဲတော့။ အိမ်သို့ ညနေ ၃ နာရီမှ ရောက်သည်။ မိုးရေများဖြင့် စိုရွှဲ၊ ရွှံ့များဖြင့် မည်းသည်းနေပြီး ကျောပိုးအိတ်ထမ်း၍ ပြန်လာသော ကျွန်တော့်ကို ရုတ်တရက်မမှတ်မိကြ။ ကျွန်တော်ကြိုက်သော ငါးဟင်းကို အမေချက်ထားသည်နှင့်ကြုံသည်။ ရေမချိုး၊ ယူနီဖောင်းမလဲနိုင်ဘဲ ထမင်းကို အားပါးတရစားပစ်သည်။ လမ်းလျှောက်ပြီးထွက်ခဲ့ရသဖြင့် ပင်ပန်း၍ ဆာလောင်မှုသည် အိမ်ပြန်ရောက်ချိန် ညနေ ၃ နာရီမှ ငြိမ်းချမ်းသွားတော့သည်။

အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ရန်ကုန်)အပေါက်တွင် ရပ်ရင်း စစ်သူနာပြုအရာရှိ ဝတ်စုံဝတ် လူငယ်စခန်း အတူဝင်ခဲ့သော သူငယ်ချင်း နန်းမာလာကို လှမ်းတွေ့လက်ပြရင်းအတိတ်ဆီမှ ပြည်သူ့အကျိုးပြုစီမံကိန်းဝင်လူငယ် တာဝန်ထမ်းဆောင်စဉ်ကဘဝသို့ အတိတ်ရေစီးကြောင်းတွင် မျောပါမိခဲ့လေသည်။

## လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲ ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ



**မြစ်သား ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် မြို့မအနောက် အ·မ·က ကျောင်းမှ ကျောင်းသား၊ကျောင်းသူများကို စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများတိုးပွားခြင်း၊ ဘဝတိုးတက်အောင်မြင်မှု ရရှိလာနိုင်ပုံများ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ အကြောင်းအရာများနှင့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။ ဆက်လက်၍ ဓာတ်ပုံကျွမ်းကျင်-၂ ဒေါ်ဝါဝါမြင့်မှ စာဖတ်ခြင်း၏ အကျိုးကျေးဇူး အကြောင်းအရာများ ဟောပြောခဲ့ပြီး အငယ်တန်းစာရေး ဦးရဲနိုင်ဦးက ပြည်သူ့စာကြည့်တိုက်သို့ လာရောက်အသင်းဝင်ပြီး စာအုပ်များ(အခမဲ့)လာရောက် ငှားရမ်းရန် ဖိတ်ခေါ်ကာ လစဉ် ပြိုင်ပွဲများ ပြုလုပ်သည့်အခါတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဟောပြောခဲ့သည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအလွဲသုံးမှု အသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော မိုးချည်မျှင်ရှည် ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

မိုးကြိုချည်မျှင်ရှည်ဝါသီးနှံများကို မေလလယ်နှင့် ဇွန်လကုန်အတွင်း စိုက်ပျိုးကြပြီး မြေပြင်ချိန်တွင် နွားချေးလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာတစ်အိတ်ကို မြေခံအဖြစ် ထည့်သွင်းပြုပြင်ပြီး ဒေသနှင့်ကိုက်ညီသည့် ငွေချည်(၆)၊ ငွေချည်(၉)၊ ရွှေတောင်(၈) ချည်မျှင်ရှည်ဝါများ စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးရာ၌ တစ်ဧကသတ်မှတ်အပင်ဦးရေ ပြည့်မီစေရန် စိုက်တန်း၊ စိုက်ကျင်းများကို ဝါအမျိုးအစားအလိုက် (၃)ပေ ပတ်လည်နှင့် (၂)ပေခွဲပတ်လည်စိုက်ပျိုးကြကြောင်း၊ ရွက်စစ်(၃-၄) ရက်ထွက်ချိန်၊ စိုက်ပျိုးပြီး ၁၈ ရက်မှ ၂၁ ရက်အတွင်း စိုက်ကျင်းတစ်ကျင်းလျှင် နှစ်ပင်ချန်၍ သားခွဲခြင်းများ ပြုလုပ်ကြကြောင်း၊ အပိတ်ဝင်ချိန်နှင့် အပွင့်ပွင့်ချိန်တွင် အပင်ခြေမှ ၆ လက်မ အကွာတွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီယားအိတ်ဝက်ထည့်သွင်းကြောင်း၊ အပိန့်စတင်ကာနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တွင် အစိုဓာတ် လုံလောက်စွာမရရှိပါက ရေသွင်းခြင်းများပြုလုပ်ကာ ကြားထွန်တိုက်ပြီး ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ရေဝပ်၊ ရေစိမ့်ခြင်းများမဖြစ်စေရန် ရေသွင်း၊ရေထုတ်မြောင်းများ စနစ်တကျပြုလုပ်ထားပြီး ရေပိုရေလျှံများ ထုတ်ပယ်ရကြောင်း၊ အပင်သက်တမ်း ၅၀ ရက်တွင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်နှင့် ၆၀ ရက်သားနောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်စားပိုးအတွက် ဆေးနှစ်ကြိမ် ဖျန်းခြင်းနှင့် လိုအပ်ပါက အခြားပိုးများအတွက် ဖျန်းဆေးများနှင့် ကာကွယ် စိုက်ပျိုးသည်။

မိုးချည်မျှင်ရှည်ဝါသီးနှံများကို သံရွာ၊ ပေါင်လောင်၊ တောင်တော်ကင်း၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ကြက်သားဟင်း၊ သင်္ဂတုံ၊ ကလေး၊ မှိုင်းပန်၊ ရဲဘော်ကြီး၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာ ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ၅ လအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၇သိန်းကျော် တင်ပို့



**မန္တလေး စက်တင်ဘာ ၁၁**

ပြည်တွင်းသုံးမှုပိုလျှံသော ဆန်နှင့် ဆန်ကွဲများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီမှ ဩဂုတ်လအထိ ငါးလအတွင်း ဆန် တန်ချိန် ၇၁၈၂၈၁ တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၃၅၃ သန်းကျော်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်(MRF)၏ထုတ်ပြန်ချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်ရရှိရန် မျှော်မှန်းထားကြောင်း MRF မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြည်တွင်းစားသုံးမှုအတွက် အရန်ဆန်ထားရှိပြီး ပိုလာတဲ့ဆန်နဲ့ ဆန်ကွဲကို ပြည်ပကို တင်ပို့တယ်။ ဒီနှစ် ဘဏ္ဍာနှစ်မှာ ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၂ သန်းကျော်တင်ပို့နိုင်ဖို့ မျှော်မှန်းထားပြီး အဲဒီကတစ်ဆင့် ပို့ကုန်ဝင်ငွေတွေရလာမယ်။တောင်သူတွေကိုလည်း မျိုးစေ့၊ စိုက်ပျိုးစရိတ်နဲ့ ဓာတ်မြေဩဇာတွေ အချိန်မီထောက်ပံ့မှုတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ဘဏ္ဍာနှစ်အစဖြစ်သည့် ဧပြီလတွင် ဆန်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းကျော် ဩဂုတ်လတွင် တန်ချိန် ၂၀၇၃၆၉ တန်တင်ပို့နိုင်ခဲ့ပြီး ဧပြီလမှ ဩဂုတ်လထိ ၅ လတာကာလအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန် ၇၁၈၂၈၁ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ငါးလတာကာလအတွင်းမှာ ဆန်နဲ့ဆန်ကွဲကို အင်ဒိုနီးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ နယ်သာလန်စတဲ့ နိုင်ငံပေါင်း ၃၀ ကျော်ကို တင်ပို့နေပါတယ်။ မြန်မာဆန်နဲ့ ဆန်ကွဲတင်ပို့ရာမှာ လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ပင်လယ်ရေကြောင်းက အများဆုံးတင်ပို့ခဲ့ပြီး နယ်စပ်လမ်းကြောင်းကလည်း တင်ပို့တာရှိတယ်"ဟု ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲတင်ပို့မှုစာရင်းများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော် ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) အနေဖြင့် ဆန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် သင့်တင့်မျှတသောဈေးနှုန်းဖြစ်စေရေးအတွက် လစဉ် ဆန်ရည်ညွှန်းဈေးများ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများအား ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းတွင် ဂျင်းမြေဖို့ခြင်းနှင့် လမ်းပခုံး မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးမှသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်၊ ဆည်ကုန်းကျေးရွာ၌ အရှည် (၀/၆ ဒသမ ၈၂)မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ မြေသားအလွှာခင်း၍ ရိုစာဂျင်းမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၆၅ ဒသမ ၁၅ သန်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်ရှိ Slab Culvert ၃ပေ×၁၈ပေ×၃ပေ တစ်စင်း ခွင့်ပြုရန်ပုံငွေ ၄ ဒသမ ၅ သန်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ၆၉ ဒသမ ၆၅ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် မေလစတုတ္ထအပတ်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါကျေးရွာကုန်ထုတ်လမ်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဆည်ကုန်းကျေးရွာနှင့် အနီးရှိ မွေကျေးရွာ၊ ဥယျာဉ်ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ခန့်နှင့် မွေးမြူရေးလုပ်ငန်း၊ အခြားထုတ်ကုန်၊ ထွက်ကုန်များအား ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ အချိန်မီရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**(ဝဲပုံ)**

**(၄၆၉)**

**သစ်တောသစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...

❖ စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...

❖ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကျိုက်ထိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်နှင့်ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေပြည်တော်ဝန်းကျင်၌ စက်တင်ဘာ ၈ ရက်တွင် နေရာကျဲကျဲ၊ ၉ ရက်တွင် နေရာစိပ်စိပ်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ယနေ့တွင် မိုးရေချိန် အနည်းဆုံး သုည ဒသမ ၆၇ လက်မမှ အများဆုံး ၄ ဒသမ ၂၁ လက်မ အထိ ရွာသွန်းခဲ့ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တို့တွင် ရေများအဆက်မပြတ်မြင့်တက်လျက်ရှိသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော် ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရေများမြင့်တက်လာခဲ့မှုကြောင့်

စာမျက်နှာ ၄ သို့ ✳



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာကို ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း) ရေကျော်သဖြင့် နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ပရိသတ် ၁၀၀၀၀၀ ဝင်ဆံ့မည့် ကွင်းသစ်စီမံကိန်း အကောင်အထည်ဖော်ရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ စက်တင်ဘာ ၁၁**

ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာယူနိုက်အသင်းသည် လာမည့်နှစ်အတွင်း ပရိသတ် ၁၀၀၀၀၀ ဝင်ဆံ့မည့် ကွင်းသစ်စီမံကိန်း အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။

အဆိုပါ ကွင်းသစ်စီမံကိန်းအတွက် ဒေသတွင်း တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ လက်ရှိ အသုံးပြုနေသော အိုးလ်ထရက်ဖို့ဒ်ကွင်းသည် ပရီးမီးယားလိဂ်တွင် ပရိသတ်အများဆုံး ဝင်ဆံ့မည့် ကွင်းအဖြစ် ရပ်တည်နေသော်လည်း အသင်း၏ ရှယ်ယာရှင်အသစ် ဆာဂျင်ရက်ကလစ်ဖ်က အင်္ဂလန်နိုင်ငံ၏ အကြီးဆုံးကွင်းဖြစ်သည့် ဝင်ဘာလေကွင်းနည်းတူ ပရိသတ် ၁၀၀၀၀၀ ဝင်ဆံ့သည့် ကွင်းကို တည်ဆောက်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

'Wembley of the North' ဟု တင်စားထားသည့် ကွင်းသစ်စီမံကိန်းကို နောက်ဆုံးပေါ် နည်းပညာများဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး စတာလင်ပေါင် ၂ ဘီလီယံဝန်းကျင်အထိလည်း ကုန်ကျသွားမည်ဟု ခန့်မှန်းထားသည်။

ဂရိတ်တားမန်ချက်စတာ၏ တာဝန်ရှိသူများကလည်း ဒေသတွင်း တိုးတက်ဖွံ့ဖြိုးမှုရှိလာပြီး အကျိုးအမြတ်ဖြစ်ထွန်းလာစေမည့် စီမံကိန်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်း၏ ကွင်းသစ်စီမံကိန်းကို အစွမ်းကုန် ကူညီပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(နိုင်ကမ္ဘာ)

၀-၀-၀-၀-၀

